# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၇၈]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူတန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူတန်နိုင်ငံဘုရင် ဂျစ်မီခေဆာနန်းဂျဲလ်ဝန်ချွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၇ ကော်လံ ၄* ❐

# မိမိတို့မြင်ချင်သော ပြည်ထောင်စု၊ မိမိတို့၏မျိုးဆက်သစ်များအတွက် အမွေကောင်း ချန်ထားချင်ခဲ့သော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးသည် မိမိတို့အားလုံး၏တာဝန်ဖြစ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သဘောတူညီချက်အား နိုင်ငံတော်သမ္မတထံ ပေးအပ်သည့် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၆

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သဘောတူညီချက်အား နိုင်ငံတော်သမ္မတထံပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒုတိယကာလတို(၅)နှစ်စီမံကိန်းကို စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုထူထောင်ရေးဆီသို့ ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သွားရန်ဖြစ်

စာမျက်နှာ-၃




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အထည်ချုပ်လုပ်ငန်းများ တည်ငြိမ်စွာဖွံ့ဖြိုးရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း စက်မှုဇုန်များ ဖွံ့ဖြိုးလာမှုနှင့်အတူ အထည်ချုပ်လုပ်ငန်းများလည်း လျင်မြန်စွာ တိုးတက်ခဲ့ပါသည်။ အထည်ချုပ်လုပ်ငန်းများကြောင့်ပင် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်ခဲ့ပါသည်။ အထည်ချုပ်လုပ်ငန်းများသည် အလုပ်ရှင်၊ အလုပ်သမားများသာမက နိုင်ငံတော်အကျိုးစီးပွားကိုပါ တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရမည် ဖြစ်ပါသည်။ ပြည်ပနိုင်ငံများသို့ အထည်ချုပ် အဝတ်အထည်များ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်လာရမည် ဖြစ်ပါသည်။ အထည်ချုပ်လုပ်ငန်းများ တည်ငြိမ်စွာ ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံခြားဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်ရှင်၊ အလုပ်သမားအကျိုးစီးပွား တိုးတက်လာမည်ဖြစ်ပါသည်။ သို့သော်လည်း အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် လုပ်ခလစာများ မှန်မှန်ကန်ကန် ပေးဆောင်မှု မရှိခြင်း၊ လုပ်ခလစာများ ခေတ်အခြေအနေအရ တိုးမြှင့်တောင်းခံလာခြင်းတို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား ပဋိပက္ခများ မကြာခဏ ပေါ်ပေါက်လျက်ရှိကြောင်း ကြားသိနေရပါသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်၌ အထည်ချုပ်လုပ်ငန်း အများအပြား ရှိသည့်အလျောက် အလုပ်ရှင် အလုပ်သမားပဋိပက္ခများ မကြာခဏ ဖြစ်ပေါ်လျက်ရှိပါသည်။

မြင့်တက်လာသော ကုန်ဈေးနှုန်းကြောင့် အလုပ်သမားများအနေဖြင့် လစာများပိုမိုရရှိလိုကြသည်။ တစ်ချိန်တည်းမှာပင် အလုပ်ရှင်များကလည်း လုပ်ငန်းသစ်ချဲ့ထွင်ရန် အရင်းအနှီး လိုအပ်လာသည့်အတွက် လစာကို တိုးမပေးသည့်အပြင် အချို့အလုပ်ရှင်များသည် ပုံမှန်လစာကိုပင် လစဉ်ထုတ်ပေးရန် ပျက်ကွက်မှုများရှိနေကြောင်း ကြားသိနေရပါသည်။

အထည်ချုပ်လုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဆိုလျှင် ရိုးသားဖြောင့်မတ်မှုနှင့် ပွင့်လင်းမြင်သာစွာ လုပ်ကိုင်နိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားကို အလေးထား လုပ်ကိုင်ရမည်ဖြစ်ပါသည်။ အလုပ်ရှင်ရော အလုပ်သမားများပါ အပြန်အလှန်အကျိုးစီးပွား ဖြစ်ထွန်းအောင် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ နှစ်စဉ် အထည်ချုပ်အဝတ်အထည်များ တိုးမြှင့်တင်ပို့ခြင်းဖြင့် နိုင်ငံတော်ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအချို့သည် အထည်ချုပ်အဝတ်အထည် တင်ပို့မှုဖြင့် နိုင်ငံခြားဝင်ငွေ အမြောက်အမြား ရရှိလျက်ရှိပါသည်။

သို့ဖြစ်၍ အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိရေး အထည်ချုပ်လုပ်ငန်းများ တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်ရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်ရှင် ကိုယ်စားလှယ်များ၊ ဒေသအာဏာပိုင်များက ပွင့်လင်းမြင်သာစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ကာကွယ်ဆေးထိုးလုပ်ငန်း ကျယ်ပြန့်စွာဆောင်ရွက်နိုင်၍ ငါးနှစ်အောက်ကလေး သေဆုံးမှုလျော့နည်း

**နေပြည်တော် ဒီဇင်ဘာ ၁၆**

Gavi Vaccine Alliance သို့ အဆိုပြုတင်သွင်းမည့် ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစနစ်ဖွံ့ဖြိုးရေး ငါးနှစ်စာစီမံကိန်း ၂၀၁၇-၂၀၂၁ အတွက် နှီးနွှယ်သော ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် တွေ့ဆုံ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ဟိုတယ်ရွှေပြည်တော်၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြောကြားရာတွင် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးလုပ်ငန်းကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သည့် ရောဂါများကြောင့် တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးများ သေဆုံးမှု သိသိသာသာလျော့နည်း ကျဆင်းလာကြောင်း၊ သို့ရာတွင် ယခုထက်ပိုမို၍ ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံမှုကောင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုရေးဆွဲသည့် စီမံကိန်းသည် ကျန်းမာရေးစနစ် ဖွံ့ဖြိုးရေးလုပ်ငန်းများမှတစ်ဆင့် ကာကွယ်ဆေးထိုး လွှမ်းခြုံမှု ပိုမိုမြင့်မားစွာရရှိအောင် ဆောင်ရွက်သွားရန် ဖြစ်သဖြင့် ကျန်းမာရေး ဝန်ကြီးဌာနအတွက် အရေးကြီးသော စီမံကိန်းဖြစ်၍ အရည်အသွေးအမြင့်မားဆုံး ဖြစ်စေရန် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေး ရေးဆွဲကြရန် တိုက်တွန်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ WHO၊ UNICEF၊ 3MDG၊ JICA၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် နှီးနွှယ်သော အဖွဲ့အစည်းများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## ကျေးလက်နေတောင်သူများ အဆိပ်ပြင်းမြွေများအန္တရာယ်ကိုသတိပြုရန်လို

**ရေတာရှည် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆောင်းနှင်းများကျဆင်းချိန်နှင့်အတူ အဆိပ်ပြင်းသည့်မြွေများ မကြာခဏ တွေ့ရှိနေသည့်အတွက် ကြံခုတ်၊ စပါးရိတ်၊ ပဲနုတ်သည့် တောင်သူများ သတိပြုရန် လိုအပ်လျက်ရှိသည်။ ထို့အပြင် ညပိုင်း ခရီးသွားလာကြသည့်အခါ လက်နှိပ်ဓာတ်မီး၊ သားရေဘွတ်ဖိနပ်များကို စီးနင်းသွားလာသင့်ကြောင်း အကြံပြုပြောကြားမှုများလည်း ရှိနေသည်။

“ခဏခဏ တွေ့နေရတာကတော့ မြွေပွေးပဲ၊ အကောင်ပေါက်တွေလည်းတွေ့နေရတော့ တောထဲမှာ အလုပ်လုပ်တဲ့အခါ သတိထားပြီး လုပ်နေကြရတယ်။ အကိုက်ခံရရင်မလွယ်ဘူး”ဟု ကြံခုတ်ပြန်လာသည့် တောင်သူတစ်ဦးက ပြောသည်။ မိုးစပါးများ ရိတ်သိမ်းချိန်တွင် ရိတ်ခြွေစက်များကို အဓိက သုံးစွဲကြသည့်အခါ မြွေများမှာ အခြားသော နောက်ကျ စပါးစိုက်ခင်းများနှင့် ကြံစိုက်ခင်းများအတွင်းသို့ ဝင်ရောက်နေထိုင်လေ့ရှိကာ ညပိုင်းအချိန်ကြွက်များကို ဖမ်းယူစားသောက်ခြင်း၊ နံနက်ပိုင်း၌ နှင်းရည်များကြားတွင် သွားလာတတ်သည့်အတွက် မကြာခဏဆိုသလို တွေ့ရှိကြခြင်းဖြစ်ကြောင်း ကိုယ်တိုင်ကြုံတွေ့ရသူတစ်ဦးက ပြောသည်။

အဆိပ်ပြင်းသည့်မြွေအကိုက်ခံရပါက ဆေးမီးတိုဖြင့် ကုသခြင်းကို မပြုလုပ်သင့်ဘဲ နီးစပ်ရာ ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်သင့်ကြောင်း အကြံပြုပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ပိုလီယိုရောဂါကာကွယ်ဆေးသစ်အကြောင်း ဖရူဆိုမြို့၌ ဟောပြော

**ဖရူဆို ဒီဇင်ဘာ ၁၆**

ကယားပြည်နယ် ဖရူဆိုမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက အသွင်ပြောင်းလတ်တလော ပိုလီယိုပျော့ခွေအကြောသေရောဂါ (အယဉ်)အကြောင်း ရှင်းလင်းဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကောင်းမြတ်က အသွင်ပြောင်း လတ်တလော ပိုလီယိုပျော့ခွေအကြောသေရောဂါ(အယဉ်) ဖြစ်ပွားရခြင်းနှင့် ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်း ပိုလီယိုရောဂါကင်းစင်ရေး စီမံချက်ဆောင်ရွက်ထားရှိသည်နှင့်အညီ ကျန်းမာရေးဝန်ထမ်းများသာမက ဖရူဆိုမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပါဝင်ဆောင်ရွက်မှသာ စီမံချက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၉.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၇.၆၃ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၃၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆.၀၄ |

ခင်ရတနာ-စုစည်းသည်။

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒုတိယကာလတို(၅)နှစ်စီမံကိန်းကို စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုထူထောင်ရေးဆီသို့ ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သွားရန်ဖြစ်



**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီမံကိန်းကော်မရှင် အစည်းအဝေး(၂/၂၀၁၅) ကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ရေးအတွက် ဆွေးနွေး အတည်ပြုပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရေးဆွဲပြုစုပြီးဖြစ်သည့် ဒုတိယကာလတို (၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)နှင့် နှစ်ရှည်စီမံကိန်းဖြစ်သည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း -NCDP (၂၀၁၁-၂၀၃၁) ခုနှစ်တို့ကို နောင်ရေးဆွဲမည့်စီမံကိန်းများ၏ မူဘောင်အဖြစ် အသုံးပြုနိုင်ရန် မှတ်တမ်းတင်ထားခဲ့ရမည်ဖြစ်ပါကြောင်း။

စီမံကိန်းကော်မရှင်အနေဖြင့် ပထမကာလတို (၅)နှစ် စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်နှင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန်အတွက် နိုင်ငံ၏ ပြောင်းလဲလာသည့် စနစ်နှင့်ကိုက်ညီသည့် စဉ်းစားတွေးခေါ်ပုံနှင့် လုပ်နည်းလုပ်ဟန်များလည်း ပြောင်းလဲတိုးတက်အောင် အလေးပေးဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းရေးဆွဲသည့် ပုံစံများ၊ စနစ်များကိုလည်း အဆင့်ဆင့်ပြောင်းလဲစေခဲ့ပြီး ဒီမိုကရေစီ ခေတ်ဦးအစဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်၍ ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုစီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော်ခဲ့ပါကြောင်း။

ထို့ပြင် စီမံကိန်းကော်မရှင် အစည်းအဝေးကို ယခုအကြိမ် အပါအဝင် စုစုပေါင်း(၇)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် သတ္တမအကြိမ်မြောက်စီမံကိန်းကော်မရှင်အစည်းအဝေးတွင် ပထမ(၅)နှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် လက်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျန်ရှိသည့် သုံးလတာကာလအကြား ဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စများ၊ နောင်လာမည့် အစိုးရသက်တမ်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းတင်ပြစဉ်။

နိုင်ရန် ဒုတိယကာလတို (၅)နှစ် စီမံကိန်း(မူကြမ်း) ရေးဆွဲထားရှိမှုကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရ တာဝန်ယူခဲ့သည့် အချိန်အတွင်း စီမံကိန်းကော်မရှင်အနေဖြင့် အထက်ဖော်ပြပါဆောင်ရွက်ချက်များသာမက ကာလရှည် အနှစ် ၂၀ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Comprehensive Development Plan –NCDP) (၂၀၁၁-၂၀၃၁) ကို UNDP, ADB, ERIA တို့မှ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NCDP)၏ မျှော်မှန်းချက်အရ စီမံကိန်းကာလအပြီး ၂၀၃၀-၂၀၃၁ ခုနှစ်တွင် နိုင်ငံတော်၏ ဂျီဒီပီတန်ဖိုးကို အမေရိကန်ဒေါ်လာ ဘီလီယံ ၁၈၀ အထိ ရောက်ရှိစေပြီး နိုင်ငံသားတစ်ဦးချင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita-GDP) ကို အမေရိကန်ဒေါ်လာ ၃၀၀၀ အထိ ရောက်ရှိစေရန် မျှော်မှန်းရေးဆွဲထားပါကြောင်း။

ထို့ပြင် ကာလရှည် အနှစ် ၂၀ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (National Comprehensive Development Plan-NCDP) (၂၀၁၁-၂၀၃၁) ခုနှစ်ကို Economic Research Institute of Asia-Pacific (ERIA) အီရီယာက ရေးဆွဲတင်ပြထားသည့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက် (Myanmar Comprehensive Development Vision) (၂၀၁၀-၂၀၃၅) ခုနှစ်အရ ဖော်ထုတ်ထားသည့် နိုင်ငံတိုးတက်မှုအလားအလာများနှင့် ချိတ်ဆက်ပေါင်းစပ်ထားပြီးဖြစ်ပါကြောင်း၊ NCDP ၏ ကာလရှည်မျှော်မှန်းချက်ဖြစ်သည့် **"ကမ္ဘာ့အသိုင်းအဝိုင်းသို့ ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်ဆီသို့"** မျှော်မှန်းချက်နှင့်အညီ စက်မှုနိုင်ငံအသွင်ကူးပြောင်းမှုအတွက် မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းတိုးတက်ရေး မျှော်မှန်းချက် (Myanmar Industrial Development Vision-MIDV) ကိုလည်း (Japan International Cooperation Agency-JICA)ဖြင့် ပေါင်းစပ်ရေးဆွဲထားပြီး ဖြစ်ပါကြောင်း။

အမျိုးသား စီမံကိန်းများကို နိုင်ငံတော်၏ ကာလရှည်မျှော်မှန်းချက်များ၊ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ကာလတို (၅)နှစ် စီမံကိန်းများဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမ(၅)နှစ် စီမံကိန်းကို **"ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု"** ခေါင်းစဉ်ဖြင့်ရေးဆွဲထားပြီး အေးချမ်းတည်ငြိမ်သော ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေး၊ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက် (MDGs)များ ပြည့်မီရေး၊ ကောင်းမွန်သော၊ သန့်ရှင်းသော အစိုးရ ဖြစ်ပေါ်ရေး၊ အခြေခံကျန်းမာရေးနှင့် ပညာရေးဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ငန်းစဉ် (၇) ရပ်နှင့် ပေါင်းစပ်ပြီး ရေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဒုတိယကာလတို (၅)နှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်ကို **"စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှ တစ်ဆင့် စက်မှုထူထောင်ရေးဆီသို့"** ခေါင်းစဉ်နှင့်အညီ စီးပွားရေးဖွံ့ဖြိုးမှု ပိုအားကောင်းလာစေရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ရရှိစေပြီး ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ များပြားတိုးတက်လာစေခြင်းဖြင့် စက်မှုထူထောင်ရေးကို ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရတစ်ခုတည်းမှ အကောင်အထည်ဖော်သည့်စနစ်မှ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းအကောင်အထည်ဖော်သည့် (Public Private Partnership -PPP)စနစ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်များ ပြည့်မီစေရေးအတွက် ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များ တိုးတက်သုံးစွဲနိုင်ရေး၊ အိမ်ထောင်စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDGs)များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Public Financial Management- PFM) စနစ်နှင့်အညီ ပြည်သူများအား တိုက်ရိုက်အကျိုးရှိစေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရလက်ထက် ပထမကာလတို(၅)နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုများကို အခြေခံပြီး လာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကိုစိစစ်၍ စီမံကိန်းများနှင့်ဘတ်ဂျက် လိုက်လျောညီထွေဖြစ်စေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ(မူကြမ်း) ဒုတိယကာလတို(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ)နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း-NCDP (၂၀၁၁-၂၀၃၀) ရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က ဝန်ကြီးဌာနအလိုက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း)၊ ဒုတိယကာလတို(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ)နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း-NCDP (၂၀၁၁-၂၀၃၁)ပါ ကဏ္ဍအလိုက် ရေးဆွဲဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့ အစိုးရတာဝန်ယူချိန်တွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတွင် တိုးတက်သင့်သလောက် တိုးတက်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန်များလည်း ကျန်ရှိနေသေးကြောင်း၊ မိမိတို့ကတိပြုထားသည့်အတိုင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီးဖြစ်ကာ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့် အစိုးရအဖွဲ့ကိုလည်း ညင်သာချောမွေ့စွာ၊ ကောင်းမွန်မှန်ကန်စွာ တာဝန်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အစ၊ အလယ်၊ အဆုံး ကောင်းမွန်မည်ဖြစ်ကြောင်း၊ တာဝန်လွှဲပြောင်းရန်အတွက် လပိုင်းမျှသာလိုတော့ကြောင်း၊ ထိုအချိန်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် မြေ၊ အဆောက်အအုံ၊ ငွေကြေး၊ ယာဉ်များနှင့်ပတ်သက်ပြီး တရားမဝင် ဆောင်ရွက်မှုများမပြုရန် ညွှန်ကြားထားခဲ့ပြီးဖြစ်ကြောင်း၊ ထိုညွှန်ကြားချက်များကို တိကျစွာ လိုက်နာရန်နှင့်နောင်တွင် ဥပဒေနှင့်မညီသည့် ကိစ္စများပေါ်ပေါက်မလာရန်လိုကြောင်း။

**ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် မြေ၊ အဆောက်အအုံ၊ ငွေကြေး၊ ယာဉ်များနှင့်ပတ်သက်ပြီး တရားမဝင်ဆောင်ရွက်မှုများမပြုရန် ညွှန်ကြားထားခဲ့ပြီးဖြစ်ကြောင်း၊ ထိုညွှန်ကြားချက်များကို တိကျစွာ လိုက်နာရန်နှင့် နောင်တွင် ဥပဒေနှင့်မညီသည့်ကိစ္စများ ပေါ်ပေါက်မလာရန်လို။**

မိမိတို့ အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ (မူကြမ်း) နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Comprehensive Development Plan - NCDP ) ၂၀၁၁ - ၂၀၃၁ ကို နောက်အစိုးရအတွက် အခြေခံကောင်းများအဖြစ် လွှဲပြောင်းပေးခဲ့မည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# နယူးယောက်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆီးရီးယားနိုင်ငံရေးအကျပ်အတည်း လက်တွဲလုပ်ဆောင်ရန် အမေရိကန်နှင့် ရုရှားသဘောတူညီမှုရရှိ



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားသမ္မတ ပူတင်တို့ ဒီဇင်ဘာ ၁၅ ရက်က မော်စကိုမြို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံကြစဉ်။

**မော်စကို ဒီဇင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပမည့် သောကြာနေ့ ငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးပွဲတွင် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဆီးရီးယားနိုင်ငံရေးလုပ်ငန်းစဉ်ကို ပူးတွဲအရှိန်မြှင့်လုပ်ဆောင်ရန် ကတိပြုခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဧည့်သည်တော် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့သည် ရုရှားနိုင်ငံ မော်စကို၌ ကျင်းပသော သုံးနာရီကျော်ကြာ ဆွေးနွေးပွဲ၌ ဆီးရီးယား အကျပ်အတည်းနှင့် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးတွင် အခြေခံအချက်များကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

ကရင်မလင်နန်းတော်၌ ဂျွန်ကယ်ရီနှင့် တွေ့ဆုံပြီးနောက် နယူးယောက်၌ ကျင်းပမည့် ဝန်ကြီးအဆင့် အပြည်ပြည်ဆိုင်ရာ ဆီးရီးယားထောက်ပံ့ရေး အစည်းအဝေးကို ထောက်ခံကြိုဆိုကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောသည်။

အစောပိုင်းက နယူးယောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ရုရှားပါဝင်လာမှု ရှိ မရှိကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ရုရှားနိုင်ငံခြားရေးဝန်ကြီးက ယင်းအစည်းအဝေးများသည် အကျိုးများကြောင်း၊ ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော ဘုံရန်သူဖြစ်သည့် အကြမ်းဖက်သမားများကို အမြစ်ပြတ်ချေမှုန်းရန် နှစ်နိုင်ငံခေါင်းဆောင်များက ဆုံးဖြတ်ပြီးဖြစ်ကြောင်း ပြောကြားသည်။

လူတိုင်းက အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရာတွင် ပါဝင်သင့်ကြောင်း၊ ထို့အပြင် ဆီးရီးယားနိုင်ငံရေးဖြစ်စဉ်တိုးတက်မှုတွင်လည်း ကူညီသင့်ကြောင်း လက်ဗ်ရော့ဗ်က ပြောသည်။

ထိုကဲ့သို့ ချဉ်းကပ်မှုမျိုးသည် ဩစတြီးယားနိုင်ငံ ဗီယင်နာ၌ ကျင်းပခဲ့သော ယခင်ဆီးရီးယား ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးမှု (ဗီယင်နာအစည်းအဝေး)ကို အကျိုးသက်ရောက်နိုင်ကြောင်း၊ ဆီးရီးယား အကျပ်အတည်းဖြေရှင်းရန် အဓိက နိုင်ငံရေးအင်အားစုများ အားလုံးပါဝင်သင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ဆိုသည်။

ဝန်ကြီးများအဆင့် အပြည်ပြည်ဆိုင်ရာ ဆီးရီးယားထောက်ပံ့ရေးအုပ်စု အစည်းအဝေးကို လာမည့် သောကြာနေ့တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်၌ ကျင်းပမည်ဖြစ်ပြီး ယခင်ဗီယင်နာ အစည်းအဝေးတွင် သဘောတူခဲ့သော အချက်များကို အခြေခံ၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မူကြမ်းကို ချမှတ်နိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ဆာဂျီလက်ဗ်ရော့ဗ်က အတည်ပြုပြောကြားသည်။

လာမည့် အစည်းအဝေးတွင် အကြမ်းဖက်အုပ်စုများအဖြစ် ယေဘုယျအားဖြင့် သတ်မှတ်ထားသော အုပ်စုများအပါအဝင် ဆီးရီးယားအတိုက်အခံ ကိုယ်စားလှယ်များနှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း လက်ဗ်ရော့ဗ်က ပြောခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ အနေဖြင့်လည်း ဆီးရီးယားနိုင်ငံရေး တည်ငြိမ်မှုရရှိရေး ကုလသမဂ္ဂနှင့် လက်တွဲလုပ်ကိုင်မည်ဖြစ်ကြောင်း အမေရိကန်နှင့် ရုရှားနိုင်ငံကြား ဆီးရီးယားရှိ အကြမ်းဖက်သမားများ နှိမ်နင်းမှုအပေါ် သဘောထားကွဲလွဲမှုများကို ကျဉ်းမြောင်းအောင် လုပ်ဆောင်မည်ဖြစ်ကြောင်းလည်းပြောကြားသည်။

လေးနှစ်ကြာ ဆီးရီးယားပဋိပက္ခများ ပြေလည်ရန် ဆီးရီးယားအတိုက်အခံအုပ်စုများနှင့်လည်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။ ညှိနှိုင်းရေး ပြုလုပ်နေစဉ်အတွင်း အိုင်အက်စ်စစ်သွေးကြွများကို အပြီးတိုင်ချေမှုန်းရေးနှင့် အယ်လ်နူဆရာတပ်ဦးကိုလည်း အပြီးတိုင်ဖယ်ရှားရေးတို့တွင် တစ်ညီတစ်ညွတ်တည်း သဘောတူခဲ့ကြသည်။

(ဆင်ဟွာ)

# နယူးဒေလီ၌ လေထုညစ်ညမ်းမှု စံချိန်တင် ဒီဇယ်ကားများရောင်းချမှုပိတ်ပင်

**နယူးဒေလီ ဒီဇင်ဘာ ၁၆**

အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီ၌ လေထုညစ်ညမ်းမှုစံချိန်တင်မြင့်တက်မှုကိုထိန်းချုပ်ရန် အိန္ဒိယတရားရုံးချုပ်က ဥပဒေတစ်ရပ် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါဥပဒေအရ ကြီးမားသော ဒီဇယ်ကားများရောင်းချမှုကို ယာယီပိတ်ပင်လိုက်ပြီး ထရပ်ကားများ မြို့ထဲသို့ဝင်ရောက်မှုကို ၁၀ နှစ်ကျော်ကြာ ပိတ်ပင်လိုက်သည်။ ကမ္ဘာ့လေထုအညစ်ညမ်းဆုံး မြို့ကြီး ၂၀ တွင် အိန္ဒိယနိုင်ငံ၌ ၁၃ မြို့ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ နယူးဒေလီမြို့၌ ဒီဇယ်ကားများ များပြားလာခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ဖုန်မှုန့်များ မြင့်တက်လာခြင်း၊ မြို့ပတ်ဝန်းကျင်တွင် တောမီးရှို့ခြင်းတို့ကြောင့် မြို့တစ်ခွင်လုံး လေထုညစ်ညမ်းမှုများဖြစ်ပေါ်လျက်ရှိသည်။

(ရိုက်တာ)

# ဆီးရီးယားပြင်ပရှိ ရေနံလုပ်ကွက်နေရာများ အိုင်အက်စ်တို့ ပစ်မှတ်ထားနေ

**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

အိုင်အက်စ်တို့အနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၈၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားရာနေရာဖြစ်သော လစ်ဗျားနှင့် ဆီးရီးယားနိုင်ငံအပြင်ဘက်ရှိ ရေနံလုပ်ကွက်နေရာများကို ပစ်မှတ်ထားနေကြောင်း အမေရိကန် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၅ ရက်က ပြောကြားလိုက်သည်။

အမေရိကန်သည် အိုင်အက်စ်တိုက်ခိုက်လာနိုင်ဖွယ်ရှိသည့် ၎င်းတို့ထိန်းချုပ်ထားရာနေရာမှ ရေနံလုပ်ကွက်များ၊ ပိုက်လိုင်းများ၊ ရေနံတင်ပို့လမ်းကြောင်းများနှင့် အခြားရေနံအဆောက်အအုံများကို စစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဝါရှင်တန်မြို့၌ သတင်းထောက်များအား ပြောသည်။ အဆိုပါပစ်မှတ်ထားနေသော ရေနံနေရာများတွင် လစ်ဗျားနှင့် ဆိုင်းနိုင်းကျွန်းဆွယ်များပါဝင်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

"သူတို့က လစ်ဗျားမှာရှိတဲ့ ရေနံအကျိုးစီးပွားတွေကို ပစ်မှတ်ထားနေပါတယ်။ ကျွန်တော်တို့ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အိုင်အက်စ်တို့ အနေဖြင့် ဆီးရီးယား စစ်မြေပြင်ရှိရေနံလုပ်ကွက်များမှ တစ်လ အမေရိကန် ဒေါ်လာ သန်း ၄၀ ရရှိနေကြောင်း အမေရိကန်ပြည်ထောင်စုက ခန့်မှန်းထားသည်။

အမေရိကန်ပြည်ထောင်စုသည် မကြာသေးမီက အိုင်အက်စ်တို့၏ ရေနံလုပ်ကွက်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည်။

(ရိုက်တာ)

# အီရန်ဒုံးကျည်စမ်းသပ်မှု ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကိုချိုးဖောက်



**ဂျီနီဗာ ဒီဇင်ဘာ ၁၆**

အီရန်နိုင်ငံ၏ အောက်တိုဘာလအတွင်းက နျူကလီးယားသယ်ဆောင်နိုင်သော ဒုံးကျည်စမ်းသပ်မှုမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ချိုးဖောက်နေကြောင်း၊ တီဟီရန်ကိုအရေးယူမှု ပိုမိုပြုလုပ်သွားရန်လိုကြောင်း အရေးယူရေးအဖွဲ့က အမေရိကန်ကွန်ဂရက်သို့ ဒီဇင်ဘာ ၁၅ ရက်က တိုက်တွန်းလိုက်သည်။

တာလတ်ပစ် အီမာဒုံးကျည်စမ်းသပ်မှုမှာ လက်ခံနိုင်သည့် အနေအထားမရှိကြောင်း အိမ်ဖြူတော်က ပြောသည်။

အဆိုပါဒုံးကျည်သည် နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် အနေအထားကို တွေ့ရကြောင်း၊ အီရန်ဆိုင်ရာ လုံခြုံရေးကောင်စီကျွမ်းကျင်သူများက ယုံကြည်ထားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အီမာဒုံးကျည်သည် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၉၂၉ ၏ အပိုဒ် ၉ ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောသည်။

အောက်တိုဘာ ၁၀ ရက်က အဆိုပါဒုံးကျည်စမ်းသပ်မှုမှာ အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့အကြား ဇူလိုင်လကချုပ်ဆိုထားသော နျူကလီးယားစာချုပ်ကို နည်းပညာပိုင်းအရ ချိုးဖောက်ခြင်းမဟုတ်ကြောင်း၊ အဆိုပါ ကုလသမဂ္ဂ အစီရင်ခံစာအား အမေရိကန်သမ္မတ ဘားရက်အိုဘားမားကို တင်ပြဖွယ်ရှိကြောင်း သံတမန်များက ပြောသည်။

(ရိုက်တာ)

# အမေရိကန်တွင် ပုံးလွှန့်မှုကြောင့် ကျောင်းပေါင်း ၉၀၀ ကျော် ပိတ်ထား

**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိစ်မြို့၌ ပုံးလွှန့်မှုကြောင့် ကျောင်းပေါင်း ၉၀၀ ကျော် ပိတ်ထားရကြောင်း တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောသည်။ လော့အိန်ဂျလိစ်ရှိ ကျောင်းများအားလုံး ဒီဇင်ဘာ ၁၅ ရက်က စတင်ပိတ်ထားလိုက်ကြောင်း၊ ယင်းပိတ်ထားမှုကြောင့် ကျောင်းသား ကျောင်းသူ ၆၄၀၀၀၀ ထိခိုက်မည်ဖြစ်ကြောင်း၊ နယူးယောက်တွင်လည်း အလားတူ ပုံးလွှန့်မှုဖြစ်ခဲ့ကြောင်း နယူးယောက်မြို့တော်ဝန် ဘီဒီဘလက်စီယိုက သတင်းထောက်များအား ပြောသည်။

အဆိုပါ ခြိမ်းခြောက်မှုနှစ်ခုမှာ ကယ်လီဖိုးနီးယား၌ သေနတ်ပစ်ခတ်မှုကြောင့် လူ ၁၄ ဦး သေဆုံးပြီး နှစ်ပတ်မပြည့်မီမှာပင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

# အဆင်ပြေချောမွေ့စွာ တာဝန်လွှဲပြောင်းနိုင်ရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများဆွေးနွေး



(ဓာတ်ပုံ - YHT)

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်အကြီးအကဲတာဝန်နှင့် အစိုးရအဖွဲ့တာဝန်များ စနစ်တကျလွှဲပြောင်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ I-12 ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဦးစီး၍ ကျင်းပပြုလုပ်သည်။

အစည်းအဝေးတွင် တာဝန်လွှဲပြောင်းစဉ် အဆင်ပြေချောမွေ့စေရန်အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးကြသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်အစိုးရဘက်မှ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် နှင့်အတူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်း၊ ညွှန်ကြားရေးမှူး ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဘက်မှ ဦးဝင်းထိန်၊ ဒေါက်တာမျိုးအောင်နှင့် ဒေါက်တာအောင်သူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်များသို့ ဆိုလာမီးအိမ်လှူဒါန်းရန် ဆင်တူနံပါတ်ခြောက်လုံးနှင့် ခုနစ်လုံးပါ MPT လေလံပွဲ မကြာမီဆင်နွှဲတော့မည်

ရန်ကုန် ဒီဇင်ဘာ ၁၆

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)က မိုဘိုင်းအလှနံပါတ် ၁၂၀ ကျော် လေလံတင်ရောင်းချပွဲကို ဒီဇင်ဘာ ၁၉ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ပတ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။**

လေလံဆွဲသူ တစ်ဦးချင်းအနေဖြင့် အလှနံပါတ်များကို (၁၀) ကြိမ်အထိ လေလံဆွဲနိုင်မည်ဖြစ်သည်။ နံပါတ်အလှတစ်ခု(သို့မဟုတ်) နံပါတ်အလှတစ်စုံကို လေလံအောင်သူအနေဖြင့် အဆိုပါနံပါတ်၏ ပိုင်ရှင်ဖြစ်ကြောင်း၊ အသိအမှတ်ပြုခြင်းနှင့်အတူ ဘဏ်ချလန်တစ်ခုကို ရရှိမည်ဖြစ်သည်။ လေလံအောင်သူအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ကာအောင်မြင်ထားသည့် နံပါတ်အလှအတွက် ငွေသား (သို့မဟုတ်) ချက်လက်မှတ်ဖြင့် ဒီဇင်ဘာ ၂၅ ရက်တွင် ပေးသွင်းရမည်ဖြစ်သည်။

အဆိုပါ လေလံပွဲတွင် နံပါတ်အလှ(2502222222 / 250111111/ 250144444) အစရှိသည့် ဆင်တူနံပါတ် ခုနစ်လုံးနှင့် ခြောက်လုံးပါ နံပါတ်အလှ ၁၂၆ ခုကို ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ လေလံပွဲကို အချိန်နှစ်ပိုင်း ခွဲခြားထားပြီး နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ တစ်ကြိမ်ကျင်းပပြုလုပ်မည်ဖြစ်သည်။ MPT က တက်ရောက်လိုသည့် တစ်ဦးချင်းနှင့် အသင်းအဖွဲ့များသို့ ဖိတ်ကြားထားပြီး တက်ရောက်လိုပါက vanity-numbers @ myanmaremc.com သို့မဟုတ် ဖုန်းနံပါတ် ၀၁-၅၆၃၁၃၀ သို့ ဆက်သွယ်ကာ တက်ရောက်မည့်သူ၏ အမည်၊ ဖုန်း နံပါတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ကုမ္ပဏီအမည်နှင့် ဘဏ်စာရင်း အသေးစိတ်တို့ကို ပေးပို့လျှောက်ထားနိုင်ပြီး MPT က နေရာကျန်ရှိမှု အနေအထားပေါ်မူတည်ပြီး လျှောက်ထားသူများထံ ဖိတ်စာကို သီးခြားအီးမေးလ်ဖြင့် ပြန်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေလံပွဲမှရရှိသော ရောင်းရငွေအားလုံးကို လျှပ်စစ်မီးမရရှိသေးသော မန္တလေးတိုင်းဒေသကြီးရှိ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ ညောင်ဦး၊ ရမည်းသင်း၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်မြို့နယ်များအတွင်းရှိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် ညအခါ အလင်းရောင်ရရှိမည့်အပြင် လိုအပ်သည့်အချိန်များတွင် ဖုန်းအားသွင်းနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်များ လှူဒါန်းပေးသွားမည်ဖြစ်သည်။

အဆိုပါ လှူဒါန်းသွားမည့် ပန်နာဆိုးနစ် ဆိုလာစွမ်းအင်သုံး မီးအိမ်များသည် နေရောင်ခြည်စွမ်းအင်သုံးမီးအိမ်များဖြစ်ပြီး ငါးနာရီကြာ အားသွင်းရုံဖြင့် ၂၄ နာရီအထိ အသုံးပြုနိုင်မည်ဖြစ်သည်။ မီးသီးတစ်လုံး၊ မီးချောင်းတစ်ချောင်းအပြင် ဖုန်းအားသွင်းနိုင်ရန်အတွက် USB အထွက် ပလပ်တစ်စုံပါဝင်ကြောင်း၊ ငါးနှစ်ကြာအသုံးခံမည့် ဘတ်ထရီပါဝင်ကာ အသစ်ပြန်လည်လဲလှယ်နိုင်ကြောင်းနှင့် အဆိုပါမီးအိမ်ကို အသုံးပြုပြီး မိုဘိုင်းဖုန်းများကို အားသွင်းနိုင်ခြင်းကြောင့် ကျေးလက်ဒေသများတွင် မိုဘိုင်းဖုန်းကို လက်လှမ်းမီစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ကေဒီဒီအိုင် ဆန်းမစ် ဂလိုဘယ် မြန်မာကုမ္ပဏီလီမိတက် Assistant Manager, Branding & Communication ဒေါ်မိုမိုထွန်းက"မန္တလေးမြို့က ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော်ရဲ့ အစီအစဉ်နဲ့ လှူဒါန်းသွားမှာပါ။ နံပါတ်အလှပေါင်း ၁၂၆ ခုကို ရွေးထုတ်ထားပါတယ်"ဟုဆိုသည်။

" MPT အသစ်ဖွဲ့စည်းတာက တစ်နှစ်ကျော်ကျော်ရှိသွားပြီ။ ဒီတစ်နှစ်အတွင်းမှာလည်း လူမှုအကျိုးပြု လုပ်ငန်းတွေအတွက် လှူဒါန်းမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ သန်လျင် သဘာဝတရားရိပ်သာကျောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပျဉ်းမနားစမတောင်က မိဘမဲ့ကလေးတွေ ပြုစုထိန်းသိမ်းတဲ့နေရာ၊ နောက်ရေဘေးသင့် ပြည်သူလူထုအတွက် လှူဒါန်းမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်နေ့ အခမ်းအနားမှာလည်း စစ်တွေမြို့ မြို့ဂုဏ်ဆောင် နာရီစင်ကြီး ပြင်ဆင်ဖို့အတွက် အလှူငွေလှူဒါန်းခဲ့ပါတယ်။ လေလံပွဲမှာ လာရောက်လျှောက်ထားတာတွေကတော့ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေများပါတယ်။ ဒါ့အပြင် ပြင်ပက စိတ်ပါဝင်စားသူတွေလည်း ပါပါတယ်။ ခုချိန်ထိတော့ စိတ်ပါဝင်စားသူ ၁၀၀ ပတ်ဝန်းကျင်လောက် လျှောက်ထားကြပါတယ်။ လေလံပွဲမှာတော့ ခန့်မှန်းဈေးနှုန်းက ကြော်ငြာမှာပါတဲ့အတိုင်း နံပါတ်တစ်ခုကို ကြမ်းခင်းဈေးအနည်းဆုံး ငါးသိန်းကနေ ၁၇ သိန်းကျော်အထိရှိတော့ နံပါတ် ၁၂၀ ကျော်ဆိုတဲ့အတွက် သိန်းတစ်ထောင်ကျော်လောက် ရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု ၎င်းက ရှင်းပြသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)သည် မြန်မာနိုင်ငံ၏ မိုဘိုင်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန်အတွက် ကွန်ရက်များတိုးချဲ့ခြင်း၊ နည်းပညာသစ်များကို အသုံးပြု၍ အရည်အသွေးမြင့် ဆက်သွယ်မှုကွန်ရက်ကို ပြည်သူများသုံးစွဲစေနိုင်ရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် 2G နှင့် 3G နည်းပညာသုံး ကွန်ရက် အဆောက်အအုံများကို တစ်နိုင်ငံလုံးအနှံ့ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။

MPT မှ ဌာနဆိုင်ရာအထွေထွေမန်နေဂျာ ဦးမင်းယုအောင်က "အဓိကကတော့ မြန်မာပြည်သူပြည်သားတွေ စိတ်ချမ်းသာဖို့၊ ပိုမိုကောင်းမွန်တဲ့ အရည်အသွေးရှိတဲ့ ဝန်ဆောင်မှုတွေရရှိစေဖို့ ဦးတည်ကြိုးစားနေပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးသားကုမ္ပဏီ ဖြစ်တာကြောင့် အမြဲတမ်း အကောင်းဆုံးစဉ်းစားပြီး ဆောင်ရွက်နေပါတယ်။ မိုဘိုင်းကွန်ရက်ကို အဆင့်မြင့်ဆောင်ရွက်မှုတွေ အရည်အသွေးပိုမိုကောင်းမွန်အောင်လည်း ပြုလုပ်နေပါတယ်။ ကြိုးဖုန်းတွေကို အနာဂတ်မှာ အဆင့်မြင့်ပြီး အင်တာနက်အဆင်ပြေစွာ အသုံးပြုနိုင်ဖို့ ဝန်ဆောင်မှုကိုလည်း ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိ ဆက်သွယ်ရေး အော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)သည် ဂျပန်နိုင်ငံအခြေစိုက် KDDI ကော်ပိုရေးရှင်း၊ Sumitomo ကော်ပိုရေးရှင်းတို့နှင့် လုပ်ငန်းစပ်တူ ပူးပေါင်းရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ပြီး လက်ရှိကာလတွင် MPT အသုံးပြုသူ ၁၆ သန်းခန့်ရှိကြောင်း သိရသည်။

**သတင်း-ဝင်းဝင်းမော်၊**
**မြတ်စန္ဒီသင်းဇော်**

❖ *ကျောဖုံးမှ*

သွားလာနိုင်ရေးအတွက် လူကူးခုံးကျော်တံတားများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပေးခြင်းဖြစ်သည်။

ဗဟန်း(၃)လမ်း လူကူးခုံးကျော်တံတားမှာ စက်လှေကားနှစ်စင်းပါဝင်ပြီး ပြည်လမ်း-စိုက်ပျိုးရေးမှတ်တိုင် လူကူးခုံးကျော်တံတားမှာ မြေအောက်ဖြတ်ကျော် တည်ဆောက်မည်ဖြစ်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်သွားမည်ဟု သိရသည်။

"လူကူးခုံးကျော်တံတား ခြောက်စင်းထဲမှာ ဗဟန်း (၃)လမ်း လူကူးခုံးကျော်တံတားက ရိုးရိုးလှေကားအပြင် စက်လှေကားနှစ်စင်း တပ်ဆင်သွားမှာဖြစ်ပါတယ်။ အခု Shaft တိုင်တွေပြီးပြီ။ အပေါ်က Cross Beam လုပ်ငန်းတွေ ဆောင်ရွက်နေတယ်။ အဲဒီလူကူးခုံးကျော်တံတားက ကမ္ဘာအေးဘုရားလမ်း ဂမုန်းပွင့်ကုန်တိုက်ရှေ့ လူကူးခုံးကျော်တံတားနဲ့ ဆင်တယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်း/တံတား)ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ပြည်လမ်း-စိုက်ပျိုးရေးမှတ်တိုင် လူကူးခုံးကျော်တံတားမှ လွဲ၍ ကျန်ငါးစင်းကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း၊ ဆူးလေ-အနော်ရထာလမ်းဆုံ လူကူးခုံးကျော်တံတားသည် Pile လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း၊ ရေပိုက်လိုင်းများ၊ မြေအောက်ဓာတ်ကြိုးများ၊ ဆက်သွယ်ရေးကြိုးများနှင့် မိလ္လာလိုင်းများ မထိခိုက်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်လမ်း-အင်းလျားကန်ရှိ လူကူးခုံးကျော်တံတားကမူ Shaft တိုင်များ ပြီးစီး၍ လှေကားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်လမ်း-မာလာဆောင်ရှေ့ လူကူးခုံးကျော်တံတားမှာ Girder တပ်ဆင်ပြီးဖြစ်ကြောင်း၊ လှေကားလုပ်ငန်းကြမ်းခင်းလောင်းခြင်း၊ ကြွေပြားကပ်ခြင်း၊ လက်ရန်းများ တပ်ဆင်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် တံတားခြောက်စင်းအနက် ဦးစွာပြီးစီးမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

လက်ရှိကာလတွင် စီးပွားရေးမြို့တော် ရန်ကုန်မြို့အတွင်း ဆူးလေ၌ လူကူးခုံးကျော်တံတား နှစ်စင်း၊ သိမ်ကြီးဈေးရှေ့၌ နှစ်စင်း၊ ဗိုလ်ချုပ်လမ်း သူနာပြုတက္ကသိုလ်ရှေ့၌ တစ်စင်း၊ ဗိုလ်ချုပ်ဈေးရှေ့၌ တစ်စင်း၊ ဒဂုံမြို့နယ် အလံပြဘုရားလမ်း၌ တစ်စင်း၊ ကန်တော်ကြီး တိရစ္ဆာန်ဥယျာဉ်ရှေ့၌ တစ်စင်း၊ မင်္ဂလာဒုံ အောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့၌ တစ်စင်း၊ ကမ္ဘာအေးဂမုန်းပွင့်ရှေ့၌ တစ်စင်း၊ ပန်းဆိုးတန်း ကမ်းနားလမ်း၌တစ်စင်း၊ လှည်းတန်းမီးပွိုင့် အင်းစိန်လမ်းအနီး တစ်စင်းနှင့် လမ်းမတော် လမ်းသစ်လမ်း၌ တစ်စင်း စုစုပေါင်း ၁၃ စင်းကို တည်ဆောက်ခဲ့ပြီးဖြစ်သည်။

# စဝ်စံထွန်းဆေးရုံကြီး ခုတင်(၂၀၀)ဆံ့မှ ခုတင်(၅၀၀)ဆံ့ အဆင့်တိုးမြှင့်ဖွင့်လှစ် ကျောက်ကပ်သန့်စင်စက်ရောက်ရှိတော့မည်ဖြစ်ရာ ဝေဒနာရှင်များအား ကုသပေးနိုင်တော့မည်

တောင်ကြီး ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး ခုတင် (၂၀၀) ဆံ့ ဆေးရုံမှ ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါဆေးရုံကြီးရှေ့၌ ကျင်းပသည်။

ဆေးရုံအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်း၊ တောင်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆာအောင်နှင့် စဝ်စံထွန်းဆေးရုံအုပ်ကြီး ဒေါက်တာစောလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆိုင်းဘုတ်ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယခုဆေးရုံကြီးမှာ ယခင်က ခုတင် (၂၀၀)ဆံ့တွင် လူနာ ၃၀၀ ကျော် ကုသနေရပြီး ယခု ခုတင် (၅၀၀)ဆံ့တွင် လူနာများ ပိုမိုကုသနိုင်ပြီဖြစ်ကြောင်း၊ ယခုအခါတွင် အစာအိမ်လမ်းကြောင်းကြည့်မှန်ပြောင်းစက်များဖြင့် ကုသနိုင်ပြီဖြစ်ရာ ထပ်မံ၍ ကျောက်ကပ်သန့်စင်စက်များလည်း ရောက်ရှိတော့မည်ဖြစ်၍ ကျောက်ကပ်ဝေဒနာရှင်များအတွက်လည်း အဆင်ပြေစွာကုသနိုင်မည်၊ လက်ရှိတွင်လည်း တိုးချဲ့ဆောင်များရှိပါက ပို၍အဆင်ပြေနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ စဝ်စံထွန်းဆေးရုံကြီးမှာ ရုရှား-မြန်မာ ချစ်ကြည်ရေးအတွက် ကျွမ်းကျင်မှုအကူအညီနှင့် မြန်မာဆောက်လုပ်ရေးပစ္စည်းကိရိယာများ၊ လူထု လုပ်သား လုပ်အားဖြင့် ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဝန်ထမ်းအင်အား တပ်ရင်းအမှတ်-၁ မှ တပ်ရင်းမှူး ဗိုလ်မှူးချုပ်မောင်လွင်က ဦးဆောင်၍ အုတ်မြစ်ချ စတင်ဆောင်ရွက်ပြီး ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်တွင် မူလအပ်နှံခဲ့သော လုပ်ငန်းကြီးများပြီးစီးခဲ့ကာ ၁၉၆၁ ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူတကွ ကျဆုံးခဲ့သော မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းအား အမှတ်တရဂုဏ်ပြုသောအားဖြင့် စဝ်စံထွန်းဆေးရုံကြီးဟု ခေါ်တွင်စေခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နိုင်ငံနှင့် ပြည်သူ့အတွက် အကျိုးရှိနိုင်မည့် ပြည်ပအကူအညီအထောက်အပံ့များကို စနစ်တကျရယူဆောင်ရွက်ခြင်းဖြင့် မိမိတို့မျှော်မှန်းသည့်ပန်းတိုင်ကို ချီတက်ကြရမည်



နေပြည်တော် ဒီဇင်ဘာ ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အဆိုပါအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြီးခဲ့သောဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၅) ကြိမ်မြောက်အစည်းအဝေးတွင် ပြောကြားခဲ့သည့်အတိုင်း မိမိတို့အနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြီးပြတ်အောင် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်မကုန်မီ ကျန်ရှိနေသေးသည့် အချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည့်လုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ရေး၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများအား တိတိကျကျလွှဲပြောင်းနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်းများနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို မိမိတို့လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလအတွင်း တင်သွင်းနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံး



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရှင်းလင်းပြောကြားစဉ်။**

ခန့်မှန်းခြေစာရင်းများ ရေးဆွဲလျာထားရာတွင် ယခင်ဘဏ္ဍာရေးနှစ်များ၏ အရအသုံးအခြေအနေများအပေါ် အခြေခံ၍ ရေးဆွဲခဲ့ပါကြောင်း၊ နောင်တက်လာမည့် အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ဘတ်ဂျက်ဖြစ်သော်လည်း မိမိတို့အနေဖြင့် ရငွေနှင့်သုံးငွေကို ဘက်ပေါင်းစုံမှသုံးသပ်၍ အစိုးရအဖွဲ့တစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အဆင်ပြေပြေ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်တိုင်းတွင် မိမိတို့အနေဖြင့် ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိစေရန် စံသတ်မှတ်ချက်တစ်ရပ်အနေဖြင့် အလေးထား လိုက်နာဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ဦးတည်ချီတက်ရာလမ်းခရီး၏ တာထွက်ကာလတွင် တာဝန်ယူရသည့် အခြေအနေဖြစ်သည့်အတွက် နိုင်ငံ့စီးပွား၊ ပြည်သူ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံကောင်းများကို တည်ဆောက်ပေးခဲ့ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းတွက်ဆထားသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာအကောင်းဆုံးအခြေအနေတွင် ရှိနေပါကြောင်း။

ဤအခြေအနေများကို အသုံးချ၍ မိမိတို့ကိုယ်ပိုင်ဘဏ္ဍာအရင်းအမြစ်များကိုစုစည်းခြင်း၊ နိုင်ငံနှင့်ပြည်သူ့အတွက် အကျိုးရှိနိုင်မည့် ပြည်ပအကူအညီ အထောက်အပံ့များကို စနစ်တကျ ရယူဆောင်ရွက်ခြင်းတို့ဖြင့် မိမိတို့မျှော်မှန်းသည့်ပန်းတိုင်ကို ချီတက်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များကလည်း မိမိတို့ဘဏ္ဍာရန်ပုံငွေ၊ ပြည်ထောင်စုက ဖြည့်ဆည်းထောက်ပံ့ပေးသည့်ငွေတို့ဖြင့် မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက် နိုင်ငံတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ယမန်နှစ်က စတင်ကျင့်သုံးခဲ့သည့် နှစ်လတ်ဘဏ္ဍာရေးမူဘောင်အတိုင်း ခန့်မှန်းရရှိလာသည့်ရငွေသုံးငွေများအပေါ် နိုင်ငံတော်၏မူဝါဒအရ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ထည့်သွင်းသုံးသပ်ပြီး ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများအတွက် အသုံးစရိတ်ဘောင်များကို သတ်မှတ်



**ဒုတိယသမ္မတ ဦးညဏ်ထွန်း ရှင်းလင်းပြောကြားစဉ်။**

ပေးခဲ့ပါကြောင်း။

အသုံးစရိတ်ဘောင် သတ်မှတ်ရာတွင် စုစုပေါင်း သာမန်အသုံးစရိတ်ဘောင်ကို ဘဏ္ဍာရေးဝန်ကြီးဌာနကလည်းကောင်း၊ စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်ဘောင်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနကလည်းကောင်း သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါမူဘောင်အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများက ရေးဆွဲတင်ပြလာသည့် (BE) တင်ပြချက်များကို ပထမအဆင့်အဖြစ် သာမန်အသုံးစရိတ်များကို ဘဏ္ဍာရေးဝန်ကြီးဌာနကလည်းကောင်း၊ တည်ဆောက်ရေးဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းကောင်း၊ စက်ပစ္စည်းများဝယ်ယူမှုနှင့် အခြားငွေလုံးငွေရင်း အသုံးစရိတ်များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနကလည်းကောင်း အသေးစိတ်စိစစ်ခဲ့ပါကြောင်း။

ပထမအဆင့် စိစစ်ပြီးသည့် သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစီးသည့်အဖွဲ့က ဒုတိယအဆင့်အဖြစ် ပြန်လည်စိစစ်ခဲ့ပြီး တတိယအဆင့်အဖြစ် မိမိနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့က ထပ်မံစိစစ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ်စာရင်းပိုင်းတွင် ဌာနနှင့်အဖွဲ့အစည်းများ၏ ရုံးအဆောက်အအုံလုပ်ငန်းဆိုင်ရာ အဆောက်အအုံများမှအပ ဝန်ထမ်းအိမ်ရာအပါအဝင် ကျန်အဆောက်အအုံများကို စိစစ်လျှော့ချခဲ့ရသကဲ့သို့ အချို့ကို ဘဏ္ဍာရေးနှစ်အလိုက် ဖြန့်ခွဲပြီးဆောင်ရွက်စေခဲ့ပါကြောင်း၊ ထို့ပြင် ဌာနအဖွဲ့အစည်းများက ဝယ်ယူရန်တင်ပြသည့် မော်တော်ယာဉ်၊ Lap top စသည့် စက်ပစ္စည်းများ ဝယ်ယူမှုကိုလည်း စိစစ်ပြီး ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက နိုင်ငံတော်၏ ကိုယ်စားဝယ်ယူသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပါက အရေးပေါ် သုံးစွဲနိုင်ရန်သီးသန့်ရန်ပုံငွေကျပ် ၁၀၀ ဘီလီယံကိုလည်း ဆက်လက်လျာထားသည့်အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကျပ်ဘီလီယံ ၂၀ ကို ထည့်သွင်းလျာထားပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသုံးစရိတ်များကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတိုင်း ဦးစားပေးအရခွဲဝေခဲ့ပြီး ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ရာခိုင်နှုန်းထက်မကျော်လွန်အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းကိုရေးဆွဲရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်းပြီး နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကို ရေးဆွဲခဲ့

စာမျက်နှာ ၇ ကော်လံ ၁

**ဘဏ္ဍာရေးနှစ်တိုင်းတွင် မိမိတို့အနေဖြင့် ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိစေရန် စံသတ်မှတ်ချက် တစ်ရပ်အနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ခဲ့**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံတော်အတွင်း မှုခင်းကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လိုအပ်သည့် ခေတ်မီလက်နက်များ အသုံးပြုခွင့် ပေးထား

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ကော်မတီ အစီရင်ခံစာတစ်ခု အတည်ပြုခြင်းနှင့် **အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်းငါးခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လက်နက်တပ်ဆင်ကိုင်ဆောင် အသုံးပြုခွင့်ကို ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်၍ စီမံဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ခေတ်မီလက်နက် တပ်ဆင်ပစ်ခတ်ဖမ်းဆီး အသုံးပြုခွင့်ကိုခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ချေမှုန်းရေးလက်နက်နှင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဟူ၍ ခွဲခြားသတ်မှတ်ထားပါကြောင်း၊ ချေမှုန်းရေးလက်နက်များကို သောင်းကျန်းသူနယ်မြေများနှင့် အရေးကြီးတာဝန်ထမ်းဆောင်နေရသည့် တပ်ဖွဲ့များအတွက် တပ်မတော်၏အကူအညီဖြင့် ခေတ်မီမောင်းပြန်လက်နက်များ တပ်ဆင်အသုံးပြုလျက်ရှိပါကြောင်း၊ ကျန်ဒေသများတွင် လက်ရှိကိုင်တွယ်အသုံးပြုနေသည့် ခေတ်ဟောင်း ပစ္စတိုလက်နက်များကို ခေတ်မီပစ္စတိုလက်နက်များနှင့် အစားထိုး တပ်ဆင်အသုံးပြုနိုင်ရန်အတွက် တပ်မတော်၏ အကူအညီဖြင့် တပ်ဆင်နိုင်ရေးကိုစီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် ရော်ဘာတုတ်(နံပါတ်တုတ်)



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဖြေကြားစဉ်။

များ အသုံးပြု၍ တာဝန်ဆောင်ရွက်ရာတွင် ရန်ပြုတိုက်ခိုက်မှု၊ အန္တရာယ်ပြုမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ အန္တရာယ်ပြုမှုမှ ကာကွယ်နိုင်ရန် ခေတ်မီကျင်စက်လက်နက်များကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့ဝင်များကိုလည်းကောင်း ထုတ်ပေးခဲ့ပြီး ကိုင်တွယ်အသုံးပြုလျက်ရှိပါကြောင်း။

ထို့ပြင် ၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများနှင့် လေ့ကျင့်ရေးကျောင်းများကို နိုင်ငံတကာအဆင့်မီ ခေတ်မီလက်နက်များကို ထုတ်ပေးခဲ့ပါကြောင်း၊ အဆိုပါ လက်နက်များကို တရားခံဖမ်းဆီးရာတွင် လည်းကောင်း၊ လူစုလူဝေးဖြစ်ပေါ်လာပါက ကြီးကြပ်ထိန်းသိမ်းရာတွင် လည်းကောင်း၊ လုံခြုံရေးဆောင်ရွက်ရာတွင် လည်းကောင်း အသုံးပြုရန် ထုတ် ပေးထားခြင်းဖြစ်ပါကြောင်း၊ ၎င်း လက်နက်ခဲယမ်းများပစ်ခတ်ခြင်းနှင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်း အသုံးပြုနိုင်ရန် သင်ကြားလေ့ကျင့်ပေးထားပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များကို ချေမှုန်းရေးလက်နက်များနှင့် အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များကို အဆင့်လိုက် ကိုင်ဆောင်အသုံးပြုခွင့်ကိုလည်း လူစုလူဝေးကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင်ပါအတိုင်း အသုံးပြုရန် ခွင့်ပြုထားပါကြောင်း။

နိုင်ငံတော်အတွင်း မှုခင်းကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လက်နက်ကိုင်ဆောင်အသုံးပြုခွင့်များနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ရဲလက်စွဲများကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မှုမရှိပါကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုအပ်သည့် ခေတ်မီလက်နက်များ တပ်ဆင်အသုံးပြုခွင့် ပေးထားပြီးဖြစ်ပါကြောင်းရှင်းလင်းဖြေကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **မြန်မာနိုင်ငံအစိုးရအနေဖြင့် Automobile Policy ကို နိုင်ငံတကာကဲ့သို့ ဖြေလျှော့ရေးဆွဲပြီး နိုင်ငံတကာမှ မော်တော်ယာဉ် ထုတ်လုပ်ရေးများကို ဖိတ်ခေါ်၍ ရင်းနှီး**



ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းစဉ်။

**မြှုပ်နှံပါလျှင် ပြည်သူများဈေးနှုန်းချိုသာစွာ ကားသစ်များစီးလာနိုင်မည်ဖြစ်၍ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က မြန်မာနိုင်ငံတွင် ရေရှည်ရပ်တည်နိုင်မည့် မြန်မာ့ မော်တော်ယာဉ်ဆိုင်ရာ လုပ်ငန်းတစ်ရပ် ပေါ်ထွန်းလာစေရေး၊ မြန်မာ့မော်တော်ယာဉ်စက်မှုကဏ္ဍမှ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေး၊ ပြည်ပရင်းနှီးမြှုပ်နှံသူများကို ထိရောက်စွာဆွဲဆောင်နိုင်စေရေး၊ နိုင်ငံအတွင်းနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး၊ နိုင်ငံ၏ GDP တိုးတက်ရရှိ စေပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ရရှိစေခြင်းဖြင့် နိုင်ငံခြားသုံးငွေပိုမိုရရှိစေရေးနှင့် သွင်းကုန် အစားထိုး၍ ပို့ကုန်မြင့်တင်ခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်စေရေးတို့ကို ရည်ရွယ်၍ အမျိုးသားမော်တော်ယာဉ်မူဝါဒရေးဆွဲရေးအဖွဲ့ကို ၂၀၁၅ ခုနှစ် ဧပြီ ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း။

လက်ရှိ ရေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လုပ်ငန်းဖွံ့ဖြိုးမှုဆိုင်ရာ လမ်းပြမြေပုံ၌ အမျိုးသားမော်တော်ယာဉ်ဆိုင်ရာ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပတ်ဝန်းကျင်ကောင်းတစ်ခုတည်ဆောက်ခြင်း ကာလတိုရည်မှန်းချက်၊ ပြည်တွင်းထုတ်လုပ်မှုစတင်ခြင်း ကာလလတ်ရည်မှန်းချက်၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အစိတ်အပိုင်းများကို ပြည်ပသို့တင်ပို့ရောင်းချခြင်း ကာလရှည်ရည်မှန်းချက်များဖြင့် အဆင့်ဆင့်ပိုင်းခြားသတ်မှတ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လမ်းလျှောက်သူများ ဘေးကင်းရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရေး စသည့်အချက်များ ပါဝင်သည့် ရည်မှန်းချက်များအတိုင်း ထောက်ပံ့မှုများ၊ ဖြေလျှော့မှုများကို ရေးဆွဲချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်များ တောင်းခံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် **ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ပေးပို့လာသည့် **ပိုးသတ်ဆေးဥပဒေကြမ်းအား** အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၃၉ ချက်နှင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် ၁၇ ချက် တို့ကို ပြည်သူ့လွှတ်တော်ကတစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၃၅ ချက်နှင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် ၃ ချက် အပါအဝင် ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်းတစ်ခုလုံးကို ပြည်သူ့လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**တို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များအတိုင်း အတည်ပြုပြီး လွှတ်တော် ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက် မြောက်နေ့ကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၆ မှ

ပါကြောင်း၊ အဆိုပါမူဘောင်ကို အခြေခံ၍ ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြည့်ဆည်းပေးနိုင်မည့်လိုငွေကို တွက်ချက်လျာထားရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ တွက်ချက်ရာတွင် ယခင်ဘဏ္ဍာရေးနှစ်များက ထောက်ပံ့ပေးခဲ့သည့်အနေအထားကို အခြေခံ၍ လာမည့်ဘဏ္ဍာရေးနှစ်များအတွက်ကိုပါ ကြိုတင်ခန့်မှန်းချက်များ တည်ဆောက်ပြီး စီးပွားရေးညွှန်ကိန်းများအသုံးပြု၍ တွက်ချက်ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေ၊ ဆင်းရဲမှုညွှန်ကိန်းနှင့် လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စသည့်ညွှန်ကိန်း သုံးခုကို အသုံးပြုတွက်ချက်ခဲ့ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အဆိုပါ ညွှန်ကိန်းသုံးခုအပြင် မြေဧရိယာအကျယ်အဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြ လူဦးရေအချိုးနှင့် တစ်ဦးကျအခွန်ကောက်ခံမှု စသည့်ညွှန်ကိန်း သုံးခုကို ထပ်မံထည့်သွင်း၍ စုစုပေါင်းညွှန်ကိန်းခြောက်ခုဖြင့် အသုံးပြုတွက်ချက်ပါကြောင်း၊ နိုင်ငံတော်၏ လိုငွေနှင့် ဂျီဒီပီအချိုး ၅ ရာခိုင်နှုန်း မကျော်စေရန်နှင့် ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့်ငွေမှအပ ကုန်သွယ်လုပ်ငန်းခွန်များ၏ ၁၅ ရာခိုင်နှုန်းကို ခွဲဝေပေးရန် လျာထားပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကို ဥပဒေနှင့်အညီ ယခင်နှစ် လျာထားချက်များအတိုင်း ကျပ် ၃၂ ဒသမ ၂၀၀ ဘီလီယံကို ထည့်သွင်းလျာထား ခွင့်ပြုပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရငွေများတိုးတက်လာစေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အခွန်အခကောက်ခံမှုများ တိုးတက်ရရှိအောင်ဆောင်ရွက်ခြင်း၊ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေကျင့်သုံးသည့် ပုံစံအစား တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ကောင်းမွန်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း စွမ်းဆောင်ရည်တိုးတက်လာအောင် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

**❒ ရှေ့ဖုံးမှ**

အလားတူ ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှာရင်းတော့ဂေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘူတန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဒမ်ချို ဒိုဂျီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၂/၂၀၁၅)ကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၁၆**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၂/၂၀၁၅) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုကတင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ သမဝါယမ၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးကော်မတီနှင့် ဥပဒေပြုရေးကော်မတီတို့က စိစစ်တင်ပြရန်နှင့် ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရက်သတ်မှတ်ကြေညာခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁-၄-၂၀၁၅ မှ ၃၀-၉-၂၀၁၅ အထိ ခြောက်လပတ်ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်က တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ သမဝါယမ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆက်လက်ဆောင်ရွက်ရန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကြေညာကြောင်း သိရသည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သဘောတူညီချက်အား နိုင်ငံတော်သမ္မတထံ ပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သဘောတူညီချက်အား နိုင်ငံတော်သမ္မတထံ ပေးအပ်သည့်အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြောကြားစဉ်။ (သတင်းစဉ်)

*✱ ရှေ့ဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးသမိုင်းဝင်ဖြစ်သည့် "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)" ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ဖြင့် နေပြည်တော် MICC II ၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

NCA သဘောတူညီချက်အတိုင်း ထိုနေ့မှာပင် ပထမအကြိမ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နိုင်ငံတော်သမ္မတကြီးက ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ဆက်လက်ပြီး နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် JICM နှင့် ပထမအကြိမ် "ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)" အစည်းအဝေးများကို ကျင်းပခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ UPDJC အဖွဲ့ဝင်များ ရွေးချယ်နိုင်ရေး နိုင်ငံရေးပါတီများ အစည်းအဝေး ကျင်းပခဲ့ပါကြောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် ဒုတိယအကြိမ် UPDJC အစည်းအဝေးကို ကျင်းပခဲ့ပါကြောင်း၊ အစုအဖွဲ့တစ်ခုချင်းစီမှ ကိုယ်စားလှယ် ရှစ်ဦးစီပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် မူကြမ်းရေးဆွဲရေးကော်မတီ (FPDDC) နှင့် ကိုယ်စားလှယ်သုံးဦးစီပါဝင်သည့် မူကြမ်းရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို NCA ၏ အချိန်ဇယားအတိုင်း ရက်ပေါင်း ၆၀ အတွင်း အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါကြောင်း။

နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် အခန်း (၉) ခန်း ပါရှိပါကြောင်း၊ ယင်းတို့မှာ နိဒါန်း၊ ရည်ရွယ်ချက်၊ အခြေခံမူများ၊ နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့် အကြောင်းအရာများ သဘောတူဆုံးဖြတ်ချက်ချမှတ်ခြင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများကို စီမံခန့်ခွဲခြင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုအတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များနှင့် အထွေထွေတို့ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် NCA ပါ အချိန်အကန့်အသတ်အတွင်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ NCA၏ အချိန်ဇယားအတိုင်း အကောင်အထည်ဖော်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ EAO နှင့် နိုင်ငံရေးပါတီများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်ထားရှိသော နိုင်ငံရေးစေတနာကို ပြသနေခြင်းလည်းဖြစ်ပါကြောင်း။

လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေး၊ အရေးကြီးသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပနိုင်ရေးတို့အတွက် ဤမူဘောင်ကို UPDJC အဖွဲ့ဝင်များကိုယ်စား နိုင်ငံတော် သမ္မတကြီးထံ တင်ပြအပ်ပါကြောင်း၊ NCA စာချုပ်ပါအတိုင်း ရက်ပေါင်း ၉၀ အတွင်းမှာ "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ" ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီးက ဦးဆောင်မှုပေးနိုင်ပါရန်လည်း လေးစားစွာတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရအဖွဲ့မှ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ပဒိုစောကွယ်ထူးဝင်း နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ် ဦးသုဝေတို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် သဘောတူညီချက်ကို နိုင်ငံတော်သမ္မတထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအားလုံးကို နှုတ်ခွန်းဆက်သပါကြောင်း။

မိမိတို့အစိုးရ စတင်တာဝန်ယူခဲ့သည့် အချိန်မှစ၍ ပြည်ထောင်စုကြီးမှာ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားနေခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေးကို ဦးစားပေးကိစ္စအနေဖြင့် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရှိမှ ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဟု လက်ခံယုံကြည်ထားပါကြောင်း၊ ထို့ကြောင့် မိမိတို့ အစိုးရအဖွဲ့တာဝန်ယူပြီး မကြာမီ အချိန်အတွင်း၌ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းတည်ဆောက်ကြရန် တရားဝင်ဖိတ်ကြားခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် မျက်နှာချင်းဆိုင် တွေ့ဆုံ ဆွေးနွေးနိုင်ခြင်းကြောင့် မိမိတို့အကြား နှစ်ပေါင်းများစွာ သဘောထား ကွဲလွဲခဲ့မှုများကို တစ်ဖက်နှင့်တစ်ဖက် နားလည်နိုင်စေခဲ့ပါကြောင်း၊ မိမိတို့အားလုံး ပြည်ထောင်စုကို ချစ်ကြသည့် စိတ်ဓာတ်မှာ အတူတူပင်ဖြစ်ပါကြောင်း၊ နိုင်ငံရေးအရ ရွေးချယ်ခဲ့သည့် နည်းလမ်းများကြောင့်သာလျှင် မိမိတို့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအကြား လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရခြင်း ဖြစ်ပါကြောင်း။

မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးနိုင်ခြင်းကြောင့် ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်အတွက် အလွန်အရေးပါသည့် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်စေခဲ့ပါကြောင်း၊ ထိုအပြန်အလှန် ယုံကြည်မှုကို အခြေခံပြီး ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်ရေးနှင့် ငြိမ်းချမ်းရေးအတွက် လိုအပ်သော အခြေခံအုတ်မြစ်များ တည်ဆောက်ရေးအတွက် မိမိတို့ အတူတကွ လက်တွဲကြိုးပမ်းခဲ့ရပါကြောင်း၊ ထို့အတွက် အကောင်းဆုံး သက်သေသာဓကမှာ တစ်နိုင်ငံလုံး ပစ်ခတ်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပင် ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်ကလည်း ကန့်ကွက်သူမရှိ ရာနှုန်းပြည့် အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

မိမိ မကြာခဏ ရည်ညွှန်းပြောကြား ခဲ့သကဲ့သို့ NCA သည် စာချုပ်တစ်ခု သက်သက်ထက်ပိုသည့် နိုင်ငံရေးအရ အာမခံချက်များ ပါဝင်ပါကြောင်း၊ အဓိကအားဖြင့် လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းများဖြင့် ဆွေးနွေးအဖြေရှာရန်နှင့် ဒီမိုကရေစီစနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲများမှ ပေါ်ထွက်လာမည့် ရလဒ်များနှင့်အညီ အတူတကွ ဝိုင်းဝန်း တည်ဆောက်မည်ဆိုသည့် အချက်များပင်ဖြစ်ပါကြောင်း။

နိုင်ငံရေး အာမခံချက်များကို အကောင်အထည် ဖော်သည့်အနေဖြင့် NCA စာချုပ်ပါ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင် (The Framework for Political Dialogue) ကို ပြည်ထောင်စုအစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က ဆွေးနွေးညှိနှိုင်း ရေးဆွဲနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို အချိန်မီရေးဆွဲနိုင်ရန် ကြိုးပမ်းခဲ့ကြသည့်အစုအဖွဲ့သုံးခုမှ ကိုယ်စားလှယ်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုကိုလည်း မှတ်တမ်းတင် အသိအမှတ်ပြုပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို သဘောတူညီနိုင်ခဲ့ပြီဖြစ်သည့်အတွက် ကျန်ရှိနေသေးသော အဆင့်များကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပခြင်း၊ ပြည်ထောင်စု သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက် ရယူခြင်းနှင့် ပြည်ထောင်စု သဘောတူစာချုပ်ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းဆိုသည့် အဆင့်များကိုလည်း မိမိတို့ အတူတကွ လက်တွဲကြိုးပမ်းလုပ်ဆောင်ကြရဦးမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် NCA အချိန်ဇယားအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တင်ပြတောင်းဆိုခဲ့သည့်အချက်များကို သဘောတူညှိနှိုင်းဆောင်ရွက်ပေးနေတာလည်း ဖြစ်ပါကြောင်း၊ **မိမိတို့ မြင်ချင်သော ပြည်ထောင်စု၊ မိမိတို့၏ မျိုးဆက်သစ်များအတွက် အမွေကောင်း ချန်ထားချင်ခဲ့သော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးသည် မိမိတို့အားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း။**

**လက်နက်ကိုင် ပဋိပက္ခများနှင့် နိုင်ငံရေးပဋိပက္ခများကြောင့် မိမိတို့၏ ပြည်သူပေါင်းမြောက်မြားစွာ နာကျင်ခံစားခဲ့ကြရပါကြောင်း၊ နိုင်ငံတကာအဆင့်မီနိုင်မည့် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ကြရပါကြောင်း၊ တိုင်းပြည်၏ ကောင်းမွန်သော အနာဂတ်များ ပျောက်ဆုံးခဲ့ကြရပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ နာကျင်ခံစားခဲ့ရမှုများနှင့် တိုင်းပြည်၏ ဆုံးရှုံးမှုများကို ဖြေဖျောက်ရန် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ပေးရန်ဆိုလျှင် တိုင်းပြည်တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးပဋိပက္ခများကို ချုပ်ငြိမ်းရန် ကြိုးပမ်းအားထုတ်ခြင်းဆိုသည့်ကိစ္စကို မဖြစ်မနေ လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။**

ထို့ကြောင့် ယနေ့ မိမိအနေဖြင့် ပြည်ထောင်စု၏ အနာဂတ်အတွက် အလွန်အရေးပါသည့် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ဝမ်းမြောက်စွာ လက်ခံအတည်ပြုသည်ဟု ကြေညာအပ်ပါကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်အသီးသီး၏ ကြိုးပမ်းမှု၊ ဖွဲ့လုံ့လရှိမှုနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကိုလည်း ထပ်လောင်း အလေးအနက်ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ စတင်နိုင်ရန် လိုအပ်သည့် အမိန့်စာများ၊ ကြေညာချက်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို ဇန်နဝါရီလ ပထမပတ်တွင် စတင်နိုင်ရန်အတွက် ဖိတ်ကြားမှုများကိုလည်း ပြုလုပ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆက်လက်ကျင်းပရမည့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံများတွင်လည်း စိတ်ရှည်သည်းခံခြင်း၊ အပြန်အလှန်နားလည်ခြင်းနှင့် ယုံကြည်မှုဆိုသည့် တန်ဖိုးများကို အခြေခံပြီး မဆုတ်မနစ် ကြိုးပမ်းသွားကြရန် တိုက်တွန်းရင်းနိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သဘောတူညီချက်ကို အစိုးရအဖွဲ့မှ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ် ဦးသုဝေတို့က ပေးအပ်စဉ်။** (သတင်းစဉ်)

**ဆက်လက်ကျင်းပရမည့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများတွင်လည်း စိတ်ရှည်သည်းခံခြင်း၊ အပြန်အလှန်နားလည်ခြင်းနှင့် ယုံကြည်မှုဆိုသည့်တန်ဖိုးများကို အခြေခံပြီး မဆုတ်မနစ်ကြိုးပမ်း**

# တတိယအကြိမ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တတိယအကြိမ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟော်ရီဇွန်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ဒုတိယဥက္ကဋ္ဌ အစိုးရအစုအဖွဲ့ကိုယ်စားလှယ်ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယခုအစည်းအဝေးသည် ပြီးစီးခဲ့သည့်အစည်းအဝေး နှစ်ကြိမ်အတွင်း မိမိတို့ဆောင်ရွက်ခဲ့သည်များကို ပြန်လည်သုံးသပ်ရန်၊ အတည်ပြုချက်ပေးရန်၊ အတည်ပြုရန်နှင့်ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆိုင်ရာမူဘောင်ကို ရေးဆွဲရမည်ဟူသည့်အချက်ကို ယမန်နေ့က မိမိတို့ဖြည့်ဆည်းနိုင်ခဲ့ပါကြောင်း၊ ယင်းကတိကဝတ်ကို အထူးပြုဆောင်ရွက်နိုင်ခဲ့၍ မိမိတို့အစိုးရအနေဖြင့် ဂုဏ်ယူပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန်အတွက် မိမိတို့တွင် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်တစ်ခုရရှိလာပြီဖြစ်ပါကြောင်း။

NCA စာချုပ်တွင်ပြဋ္ဌာန်းထားသည့် အချိန်ဇယားအတိုင်း ကျင်းပသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် NCA စာချုပ်အတိုင်း ဆောင်ရွက်နိုင်သည့်အပြင် နောင်တက်လာမည့်အစိုးရအတွက် အခြေခံကောင်းများ၊ အုတ်မြစ်များ ချပေးနိုင်မည်ဖြစ်သည့်အတွက် အတိုင်းမသိဝမ်းသာမိပါကြောင်း၊ ပြည့်ပြည့်ဝဝပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များကိုလည်း ဂုဏ်ပြုလိုပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို နောင်အစိုးရလက်ထက်တွင် ပြောင်းလွယ်ပြင်လွယ်ရှိအောင် ရေးဆွဲနိုင်ခဲ့ခြင်းကြောင့် ရှေ့အနာဂတ်ခရီးတွင် ပြင်ဆင်စရာရှိသည်အားလုံးကို အင်အားစုအားလုံးက သက်သောင့်သက်သာနှင့် ပြင်ဆင်နိုင်ပြီး နိုင်ငံအတွက်အရေးကြီးသည်များကို ထည့်သွင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် အားလုံးဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ဒုတိယဥက္ကဋ္ဌ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စားလှယ်၊ ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်နှင့် အညီတာဝန်ရှိသည့် ခေါင်းဆောင်များ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် စာချုပ်ပါသဘောတူရွေးချယ်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ခဲ့ကြပါကြောင်း၊ ခေါင်းဆောင်များ၏ ငြိမ်းချမ်းရေးလိုလားမှု စေတနာဆန္ဒကိုလည်း ထင်ဟပ်ပေါ်လွင်စေခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်၏ အဓိကရည်ရွယ်ချက်သည် ငြိမ်းချမ်းရေးရရှိရန်အတွက်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် ဦးစွာပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးအတွက် လိုအပ်သည့်ဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သဘောတူညီချက် ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၆**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် သဘောတူညီချက်အား ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။ **(ဓါတ်ပုံ)**

သတင်းစာရှင်းလင်းပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ကိုယ်စားလှယ် ပဒိုစောကွယ်ထူးဝင်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညဏ်ဝင်း၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနမှ အထူးအကြံပေး ဦးလှမောင်ရွှေတို့က နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သဘောတူညီချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**



# မြန်မာ့မြောက်ဖျားတောင်ပေါ် ဆက်စပ်သစ်တောဒေသအား ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ၌ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးမြို့နှင့် သရေခေတ္တရာမြို့တို့ကို ယဉ်ကျေးမှုဝန်ကြီးဌာနကဦးဆောင်၍ World Heritage Convention သို့ အဆိုပြုတင်သွင်းခဲ့ရာ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း သတ်မှတ်နိုင်ခဲ့သည်။

အခြားသောနိုင်ငံအတွင်းရှိ သဘာဝအရ တည်ရှိနေသည့် တန်ဖိုးမဖြတ်နိုင်သော ဒေသများကိုလည်း သဘာဝအမွေအနှစ်စာရင်းဝင် နေရာများအဖြစ် သတ်မှတ်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ သဘာဝနေရာများကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နေရာအဖြစ် သတ်မှတ်နိုင်ရေးအတွက် နော်ဝေကမ္ဘာ့အမွေအနှစ်ဖောင်ဒေးရှင်း၏ ရန်ပုံငွေအထောက်အပံ့အဖြစ် သစ်တောဦးစီးဌာနနှင့် ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ သဘာဝအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အပါအဝင် မြန်မာ့မြောက်ဖျား တောင်ပေါ်ဆက်စပ်သစ်တောဒေသ(Northern Mountain Forest Complex) အား ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် အဆိုပြုတင်ပြခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကလည်း ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အပါအဝင် မြောက်ဖျားပိုင်း တောင်ပေါ်ဆက်စပ်သစ်တောဒေသအား ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် အဆိုပြုလွှာပြုစုရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ ပြုစုရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ပထမအကြိမ်အစည်းအဝေးကို ယခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ဒီဇင်ဘာ ၁၆ရက် နံနက် ၉နာရီက နေပြည်တော် အမရဟိုတယ်၌ ကျင်းပခဲ့ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်အပါအဝင်လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** အစည်းအဝေးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် UNESCO အဖွဲ့တို့မှ နော်ဝေကမ္ဘာ့အမွေအနှစ်ဖောင်ဒေးရှင်း၏ ရန်ပုံငွေဖြင့် ပူးပေါင်းကျင်းပခဲ့ကြပြီး ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နေရာအဖြစ် အဆိုပြုခြင်း လုပ်ငန်းစဉ်များ၏ တိုးတက်မှုအခြေအနေများ၊ ကွင်းဆင်းလေ့လာရေးလုပ်ငန်းများနှင့် NMFC အား ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နေရာအဖြစ် အဆိုပြုခြင်းဆိုင်ရာ လမ်းပြမြေပုံအား သဘောတူညီချက်ရယူခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

○ *ကျောဖုံးမှ*

နေသော်လည်း ကစားသမားနှစ်ဦးမှာ ရောက်ရှိလာခြင်း မရှိသေးသောကြောင့် ၂၈ ဦးဖြင့်သာ လေ့ကျင့်လျက်ရှိသည်။ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပရန် နှစ်ဝက်ကျော် လိုနေသေးရာ မြန်မာအမျိုးသမီးအသင်းမှာ ပြင်ဆင်ချိန် ခုနစ်လကျော် ရရှိမည်ဖြစ်သည်။ ၂၀၁၆ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင်လတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံက သုံးကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၇ ခုနှစ် နောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများတွင် ချန်ပီယံဆု မရရှိတော့သောကြောင့် အိမ်ရှင်အဖြစ်ပြန်လည်ကျင်းပမည့် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ကြိုးပမ်းပြင်ဆင်လျက်ရှိသည်။

မြန်မာ အမျိုးသမီးအသင်းသည် ပြိုင်ပွဲစတင်မည့်ရက်နှင့် ဝေးကွာနေသေးသောကြောင့် ကြံ့ခိုင်မှုနှင့်လေ့ကျင့်မှု အပိုင်းကိုသာ ဦးစားပေးလေ့ကျင့်နေပြီး ဖေဖော်ဝါရီလ သို့မဟုတ် မတ်လတွင် ခြေစမ်းပွဲများ စတင်ကစားမည် ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းကာလအတွင်း၌ အာရှထိပ်သီးနိုင်ငံများတွင် သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပြိုင်ပွဲနီးသည့် ကာလတွင် အာဆီယံနိုင်ငံများ၌ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးအသင်းအတွက် နိုင်ငံခြားသားနည်းပြ(သို့) နိုင်ငံခြားသားကြံ့ခိုင်ရေးနည်းပြတစ်ဦး ခန့်အပ်ရန်စီစဉ်နေပြီး ယင်းကဲ့သို့ခန့်အပ်နိုင်ခဲ့ပါက မြန်မာအမျိုးသမီးအသင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ယခုဖွဲ့စည်းထားသည့် မြန်မာအမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**-ဒေါ်သက်သက်ဝင်း၊ **နည်းစနစ်အကြံပေး**-ဦးအေးမောင်ကြီး၊ **လက်ထောက်နည်းပြ**-ဒေါ်စန်းစန်းသိမ်း၊ **ဂိုးနည်းပြ**-ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုး**-ခင်သီတာအေး၊ မေဇင်နွယ်၊ သန္တာဦး၊ မြဖူးငုံ၊ **နောက်တန်း**-ခင်သန်းဝေ၊ ငယ်ငယ်ထွေး၊ ဇင်မာထွန်း၊ ငုဝါသဲ၊ လဲ့လဲ့လှိုင်၊ ခင်ပြည့်လင်း၊ အေးအေးမိုး၊ ဇင်မာဝင်း၊ ဖူးပွင့်ခိုင်၊ ဝေဝေအောင်၊ ဇာခြည်ဦး၊ **အလယ်တန်း**-အိရတနာဖြိုး၊ ခင်မိုမိုထွန်း၊ မေစံပယ်ဖူး၊ ရူပါခိုင်၊ အေးမျိုးမြတ်၊ သင်းသင်းယု၊ ခင်မာလာထွန်း၊ **ရှေ့တန်း**-နီလာဝင်း၊ မေသူကျော်၊ ဂျူလိုင်ကျော်၊ ဝင်းသီဂီထွန်း၊ လှယဉ်ဝင်း၊ နော်အားလိုဝါးဖော၊ ရီရီဦးနှင့် ခင်မိုးဝေတို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲကို ၂၀၀၇ နှင့် ၂၀၁၃ ခုနှစ်တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ချန်ပီယံဆုရရှိခဲ့ဖူးကြောင်း သိရသည်။



**သရက်မြို့အကျဉ်းထောင်နှင့်အချုပ်ခန်းများသို့ ဒီဇင်ဘာ ၁၃ ရက်က မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့်တာဝန်ရှိသူများ သွားရောက်စစ်ဆေးစဉ်။** ပေါက်ကလေး (သရက်)

## အချပ်ပိုရှစ်မျက်နှာပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၁၅ ရွေးကောက်ပွဲ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှု အချပ်ပိုရှစ်မျက်နှာ ပါရှိပါသည်။**

## မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ပြည် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးရွာ ၁၆ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၆ ရွာအနက်မှ ဓမ္မသော်ကျေးရွာအုပ်စု ဓမ္မသော်ကျေးရွာမြစိမ်းရောင်စီမံကိန်းချေးငွေများကို ဒုတိယအကြိမ်ပြန်လည်ထုတ်ချေးနိုင်ရန်အတွက် ချေးငွေလျှောက်ထားမှု လျှောက်လွှာများနှင့် ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်းထိန်းသိမ်းထားရှိမှုများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်လူနှင့် ဝန်ထမ်းများ ဒီဇင်ဘာလ ဒုတိယပတ်က ကွင်းဆင်းစစ်ဆေးကာ မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာပြည်သူများ၏ သိလိုသည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**
**စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများတင်သွင်းရန်**
**ကြေညာချက်(၁၁/၂၀၁၅)**
**၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၅ရက်**
**(၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၆ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ် ရေးလုပ်ငန်းကော်မတီသည် မိုင်းရှုးရတနာနယ်မြေ၊ နန့်ယားဆိပ်ရတနာနယ်မြေ၊ ခန္တီးရတနာနယ်မြေ၊ မော်လူး၊ မော်ဟန်ရတနာ နယ်မြေ(မိုးညှင်းရတနာနယ်မြေ)များနှင့် ရတနာနယ်မြေပြင်ပတွင် နိုင်ငံသား ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများကို လက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်ပါသဖြင့် အောက်ပါအတိုင်း လျှောက်လွှာထုတ်ယူခြင်း တင်သွင်းခြင်းတို့ကို ဆောင်ရွက်ရန်ကြေညာချက်(၇/၂၀၁၅)ဖြင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်-

(က) ဖော်ထုတ်လုပ်ကွက်(အသစ်) အဆိုပြုလွှာထုတ်ယူခြင်းကို ၁၃-၇-၂၀၁၅ရက်မှ ၁၉-၁၀-၂၀၁၅ရက်အထိ လည်းကောင်း၊
(ခ) ဖော်ထုတ်လုပ်ကွက်(အသစ်) အဆိုပြုလွှာတင်သွင်းခြင်းကို ၁၃-၇-၂၀၁၅ရက်မှ ၁၆-၁၀-၂၀၁၅ရက်အထိလည်းကောင်း၊

၂။ ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ (၁၂/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ကြေညာချက်(၇/၂၀၁၅)ဖြင့် ဝယ်ယူထားသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)အဆိုပြုလွှာများ တင်သွင်းခွင့်ကို ၁၇-၁၂-၂၀၁၅ ရက်မှ ၁၈-၁-၂၀၁၆ ရက်အထိ သက်တမ်းတိုးမြှင့်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် အထက်ဖော်ပြပါရတနာနယ်မြေများနှင့် ရတနာနယ်မြေပြင်ပတွင် တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသည့်မြေတွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်လိုပါက ဖော်ထုတ်လုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ပေးရန်အတွက် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာပုံစံ(မကလ-၅)တွင် လိုအပ်သည် များကို ပြည့်စုံစွာရေးသွင်းပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။
(ခ) ဖော်ထုတ်လုပ်ကွက်(အသစ်)တစ်ကွက်အတွက် လျှောက်လွှာတစ်စောင် တင်သွင်းရပါမည်။
(ဂ) လျှောက်လွှာနှင့်အတူ လျှောက်ထားလိုသည့်ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြမြေပုံကြမ်းကို ပူးတွဲ၍ စာအိတ်တွင်ထည့်ပြီး ချိပ်ပိတ်တင်သွင်းရပါမည်။
(ဃ) လျှောက်ထားလိုသည့်ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြမြေပုံ ကြမ်းတွင် လျှောက်ထားသူက လက်မှတ်ရေးထိုးပေးရပါမည်။
(င) ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားသောမြေနေရာ၏ အပိုဒ်(၃)ပါ အခွင့် တစ်ရပ်ရပ်အတွက် အထောက်အထားတင်ပြရပါမည်။

(၄) ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)များ လျှောက်လွှာတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)၁၀၀၀၀၀၀/-(ကျပ်တစ်ဆယ်သိန်း)နှင့်ကွင်းဆင်းစစ်ဆေးစရိတ် ၅၀၀၀၀/-(ကျပ်ငါးသောင်း)ပေးသွင်းရပါမည်။

(၅) အသေးစိတ်သိလိုသည့်အချက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)ရန်ကုန်မြို့တွင်လည်းကောင်း၊ မန္တလေး၊ မိုးကုတ်၊ လုံးခင်း၊ မြစ်ကြီးနား၊ မိုးညှင်း၊ နန့်ယားဆိပ်၊ ခန္တီးနှင့် မိုင်းရှုး(လွိုင်ဆောင်သောက်)တို့တွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော ဆင်တဲဝတံတား၏ ၂၈-၁၂-၂၀၁၅ရက်မှ ၂၇-၁၂-၂၀၁၈ရက်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း(၃)နှစ် လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား** - ဆင်တဲဝတံတား
(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့်စည်းကမ်းချက်များ** - မန်နေဂျာ(သွားလာရေး/တိုင်း) ဝယ်ယူနိုင်သောနေရာ တိုင်းအမှတ်(၁၁)ပုဂံနှင့်မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၃) မန္တလေး
(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ** - မန္တလေးဘူတာ၊ တတိယထပ်၊ မန်နေဂျာ၊ (စီးပွားရေး/တိုင်း)ရုံး
(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ၁၃း၀၀နာရီ
(စ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - မန္တလေးဘူတာကြီး၊ မြေညီထပ် နားနေဆောင်(၂)

**မှတ်ချက်။** (၁) အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ၁၈-၁၂-၂၀၁၅ ရက်မှ ၂၂-၁၂-၂၀၁၅ ရက် ၁၆း၃၀ နာရီအထိ မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်း အမှတ်(၁၁)ပုဂံနှင့် မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၃) မန္တလေးတို့တွင် (ရုံးပိတ်ရက်များမပါ)ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၂-၆၆၇၆၄၊ ၀၂-၃၅၂၈၉နှင့် ၀၉-၆၈၀၈၂၇၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီး**

## သတင်းတိုများ

### စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ချင်းပြည်နယ် တွန်းဇံမြို့နယ် ဖိုင်တူကျေးရွာနှင့် ဆာလ်ဇန်ကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော စိမ့်စမ်းရေးသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ဖိုင်တူကျေးရွာ၌ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ ရေသိုလှောင်ကန်တည်ဆောက်ခြင်းနှင့် နှစ်လက်မ PVC ပိုက်လိုင်း ၂ ဒသမ ၅ မိုင်အရှည်ကိုလည်းကောင်း၊ ဆာလ်ဇန်ကျေးရွာ၌ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ ရေသိုလှောင်ကန်တည်ဆောက်ခြင်းနှင့် နှစ်လက်မ PVC ပိုက်လိုင်း အရှည် သုံးမိုင်ကိုလည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်နိုင်မင်းနှင့် လုပ်ငန်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဒီဇင်ဘာ ၁၂ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

### ပြင်ဦးလွင်၌ မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးထားသော စတော်ဘယ်ရီခင်းများ အောင်မြင်လျက်ရှိ

ပြင်ဦးလွင်မြို့နယ်အတွင်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၅ ရွာနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာတစ်ရွာ စုစုပေါင်း ၁၆ ရွာတွင် မြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ထားရာ အဆိုပါကျေးရွာများ၌ မြစိမ်းရောင်စီမံကိန်းမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ် ထွန်းလျက်ရှိနေကြောင်း သိရသည်။ ယခုအချိန်သည် ပြင်ဦးလွင်ဒေသ၌ ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သော စတော်ဘယ်ရီခင်းများထွက်ရှိချိန်ဖြစ်ရာ ကျေးရွာများ၌ စိုက်ပျိုးထားသော စတော်ဘယ်ရီစိုက်ခင်းများမှာ အပွင့်မြိုင်မြိုင် အသီးဖြိုင်ဖြိုင် ထွက်ရှိကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။ စီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်သော မီးသွေးဖိုကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းနေသော စတော်ဘယ်ရီစိုက်ခင်းများကို ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ကျေးရွာတာဝန်ကျဝန်ထမ်းများက ဒီဇင်ဘာတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ခရစ္စမတ်သစ်ပင်အဖြစ် အသုံးပြုမည့် ထင်းရှူးပင်များ ရောင်းအားကောင်းနေ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၆**

မကြာမီအချိန်ကာလတွင် ရောက်ရှိလာမည် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် ခရစ္စမတ်သစ်ပင်အဖြစ် အသုံးပြုရန် ဝယ်ယူမှုများလာသဖြင့် ထင်းရှူးပင်များ ဈေးနှုန်းမြင့်ပြီး ရောင်းအားကောင်းလာကြောင်း ပျိုးဥယျာဉ် စိုက်ပျိုးရောင်းချသူ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပွဲတော်ကာလတွင် ခရစ္စမတ်သစ်ပင်အဖြစ် ဖန်တီးလုပ်ဆောင်ကြရာတွင်သဘာဝကျကျနှင့် လှပခန့်ညားသော ထင်းရှူးပဒေသာပင်များကို ခရစ်ယာန်ဘာသာဝင်တို့ ပိုမိုနှစ်သက် အကြိုက်တွေ့လျက်ရှိပြီး မီးရောင်စုံများ၊ ဖဲပွင့်၊ ပန်းပွင့်၊ ဖဲကြိုးများဖြင့် တန်ဆာဆင်ကာ မိမိတို့အိမ်ရှေ့တွင် အမြတ်တနိုးထားကြကြောင်းလည်း သိရသည်။



ပြင်ဦးလွင်မြို့ရှိ ပျိုးဥယျာဉ်များတွင် ထင်းရှူးပဒေသာပင်တို့ကို တစ်ပေ၊ နှစ်ပေ၊ သုံးပေ၊ လေးပေအမြင့်အလိုက် ကျပ်တစ်သောင်း၊ နှစ်သောင်း၊ သုံးသောင်း၊ လေးသောင်း ဈေးနှုန်းများနှင့် ပုံမှန်ရောင်းချလျက်ရှိနေကြသော်လည်း ခရစ္စမတ်ပွဲတော်ကာလတွင် ဝယ်ယူသူများပြားသောကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်သွားကြောင်း သိရသည်။

"ထင်းရှူး ပဒေသာပင်တွေကို ခရစ္စမတ် သစ်ပင်လုပ်ဖို့အတွက် အရင်နှစ်ကတည်းက တစ်နှစ်ကြိုမှာထားတဲ့သူတွေတောင် ရှိပါတယ်။ ကြိုတင်ပြီး ငွေလည်းပေးချေထားတယ်။ ကျွန်တော်တို့က သူ့ရဲ့အပင်ကို တစ်နှစ်လုံးဂရုစိုက်ပြီး ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လာခဲ့တော့ ဒီနှစ် ခရစ္စမတ်ပွဲတော်ရောက်တော့ အပင်က ပိုလှလာတယ်။ သူတို့က အကြိုက်ဖြစ်သွားပါတယ်။ အပင်က အရင်နှစ်ကထက်ပိုလှလာပြီး ပွဲတော်ကာလမှာ အပင်ဝယ်မရမှာလည်း မစိုးရိမ်ရတော့ဘူး။ ဈေးနှုန်းကလည်း အခုဈေးနဲ့ နှိုင်းယှဉ်ရင် သက်သာပါတယ်။ ကျွန်တော်တို့အတွက် ပိုပင်ပန်းပေမယ့် ဝယ်ယူသူဖောက်သည်တွေ ကျေနပ်ပြီး စိတ်ချမ်းသာရလို့ ကျွန်တော်တို့လည်း ဝမ်းသာကြည်နူးရပါတယ်။ကျွန်တော်တို့ဆိုင်အတွက် ရောင်းအားကောင်းစေတဲ့ နည်းလမ်းတစ်ခုပါ"ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုအချိန် ပွဲတော်အကြိုကာလတွင် ထင်းရှူးပဒေသာပင် တစ်ပင်ချင်းအလိုက် ကျပ်ငါးထောင်မှ တစ်သောင်းဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်နေသော်လည်း ကြိုက်နှစ်သက်သည့် အပင်တို့ကို ဝယ်ယူရရှိနိုင်ပြီး ပွဲတော်နီးလာသည့်ရက်များတွင် ရှားပါးလေ့ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မိုးစပါး ရိတ်သိမ်းချိန်လွန်နည်းပညာ ကွင်းဆင်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါးရိတ်သိမ်းပြီး နွေစပါးစိုက်ပျိုးရာတွင် စပါးအလေအလွင့် လျော့နည်းစေရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခင်နှစ်က နွေစပါးတစ်ဧကလျှင် တင်း ၉၀ မှ ၁၄၀ အထိ အထွက်နှုန်းကောင်းခဲ့သဖြင့် ယခုနှစ်တွင်လည်း နွေစပါးစိုက်ပျိုးရန် ဒေသခံတောင်သူများက အားသန်လျက်ရှိသည်။ ယခုနှစ်တွင် နွေစပါးကို လျာထားဧကထက် ကျော်လွန်စိုက်ပျိုးရန်အတွက် တောင်သူများအနေဖြင့် မိုးစပါးများ ရိတ်သိမ်းပြီးလျှင်ပြီးချင်း လယ်မြေများတွင် နွေစပါးစိုက်ပျိုးရန် မြေပြင်ခြင်း၊ ပျိုးထောင်ခြင်း၊ ပျိုးကြဲခြင်းများကို အားချင်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မိုးစပါးရိတ်သိမ်းရာတွင် လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ဌေးနှင့် ဝန်ထမ်းများက ကွင်းဆင်းပညာပေးမှုများ ဆောင်ရွက်နေခြင်းဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးမှု လျာထားဧကမှာ ၉၃၅၀၁ ဧကဖြစ်ပြီး ဒီဇင်ဘာ ၁၄ ရက်အထိ ဧက ၈၀၀၀ ကျော်တွင် ပျိုးကြဲစိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် တင်ငုတ်ပြင်ကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့်တည်ဆောက်ပြီးစီးခဲ့သော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို ဒီဇင်ဘာ ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးကိုကို၊ ရေပြာတိုက်နယ်ဆရာဝန် ဒေါက်တာဝင်းနိုင်ဌေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးသိန်းနွဲ့နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။ထို့နောက် ကျေးလက်ဆေးခန်းတွင် တာဝန်ထမ်းဆောင်မည့် သူနာပြုဆရာမများအား ရေပြာတိုက်နယ်ဆရာဝန်က ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်သည် အလျား ၄၂ ပေ၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ကာ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေ ကျပ်သိန်း ၂၅၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ဘိုးဘွားများ၏နေအိမ်များ ပြုပြင်တည်ဆောက်ပေး

**သုံးခွ ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ရှိ TRI စေတနာရှင် လူမှုကွန်ရက်အဖွဲ့ဝင်များနှင့် အခြားအလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အထောက်အပံ့မဲ့နေသော အဘွားနှစ်ဦးအတွက် နေအိမ်များကို ဒီဇင်ဘာ ပထမပတ်အတွင်းက တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

သုံးခွမြို့ အမှတ် (၁၀) ရပ်ကွက်နေ အဘွားဒေါ်လှမင်း၏ နေအိမ်နှင့် အောင်ဘုံသာကျေးရွာနေ ဒေါ်စိန်အေးတို့၏ နေအိမ်များကို တည်ဆောက်ပေးခဲ့ကြခြင်းဖြစ်သည်။ "အိမ်ဟောင်းက ခြောက်ပေပတ်လည်ပဲရှိပြီး အမြင့်က ဝါးကြမ်းခင်းကနေ ခေါင်အထိ လေးပေပဲရှိတော့ အိမ်ပေါ်မှာ မတ်တပ်ရပ်နေလို့မရဘူး။ မတ်တပ်ရပ်လျှောက်ချင်ရင် အိမ်အောက်ဆင်းပြီး လျှောက်ရတယ်။ အခုဆောက်ပေးတဲ့အိမ်က အတော်ကျယ်တယ်လို့ ထင်ရတယ်။ မတ်တပ်ရပ်လျှောက်လို့ရပေမယ့် အိမ်ဟောင်းလိုထင်ပြီး ကုန်းကုန်းပြီး လျှောက်မိနေသေးတယ်။ အကူအညီပေးသူတွေကို ကျေးဇူးတင်ပြီး မေတ္တာပို့ပါတယ်"ဟု အဘွားဒေါ်လှမင်းက ပြောသည်။

TRI စေတနာရှင် လူမှုကွန်ရက်အဖွဲ့သည် အဖွဲ့ဝင်များက တစ်လလျှင် ငါးရာကျပ်နှုန်းစီ ထည့်ဝင်ငွေနှင့် အခြားအလှူရှင်များ၏ လှူဒါန်းမှုဖြင့် အကူအညီ လိုအပ်နေသူများအား ကူညီထောက်ပံ့ပေးလျက်ရှိကာ ယခုနှစ် ဧပြီလနှင့် မေလအတွင်းကလည်း အဘွားနှစ်ဦး၏ နေအိမ်များကို အသစ်ဆောက်လုပ်ပေးခဲ့သည်။ ထို့အပြင် ချို့တဲ့သော ပြည်သူများ၏ နေအိမ် ၁၈ လုံးအတွက်လည်း ဝါး၊ ဓနိ၊ ထရံ၊ သစ်သား၊ ရေတံလျှောက်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ACIAR Project နှင့် ပူးပေါင်းဆောင်ရွက်ထားသည့် ပဲစင်းငုံမျိုးသန့်စိုက်ခင်း၌ တောင်သူစိတ်ကြိုက်မျိုးများ ရွေးချယ်နိုင်ရန် ကွင်းသရုပ်ပြ

**မလှိုင် ဒီဇင်ဘာ ၁၆**

ဩစတြေးလျနိုင်ငံ ACIAR Project အကူအညီဖြင့် မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် သုတေသနဌာနတို့ ပူးပေါင်းစိုက်ပျိုးထားသည့် အထွက်နှုန်းကောင်း ပဲစင်းငုံမျိုးသန့် မျိုးပွားစိုက်ခင်းများ အခြေအနေကို တောင်သူများလေ့လာနိုင်ရန် ဒီဇင်ဘာ ၁၂ ရက်က ကွင်းသရုပ်ပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းယုက ပဲစင်းငုံ နိုင်ငံခြားဈေးကွက် ပွင့်လာပြီဖြစ်၍ နိုင်ငံခြားသို့ တင်ပို့နိုင်ရန် စိုက်ပျိုးရာတွင် အဓိကအနေဖြင့် အရည်အသွေးကောင်းရန်နှင့် အထွက်နှုန်းကောင်းရန်လိုကြောင်း၊ အရည်အသွေးကောင်းရန်နှင့် အထွက်နှုန်းကောင်းရန်အတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရန် အရေးကြီးသောကြောင့် မျိုးကောင်းမျိုးသန့်ရရှိရန် နိုင်ငံခြားအကူအညီများရယူကာ စိုက်ပျိုးရေးဌာနနှင့် သုတေသနဌာနတို့ပူးပေါင်းပြီး စံပြကွက်များ၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ ထူထောင်၍ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆောင်ရွက်ထားသော စိုက်ကွက်များကို တောင်သူများအနေဖြင့် လေ့လာကြည့်ရှုကာ ကြိုက်သည့်မျိုးကိုရွေးချယ်ပြီး ထပ်မံမျိုးပွားနိုင်ရန်အတွက် စိုက်ကွင်းပြပွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ ရရှိလာသော မျိုးကောင်းမျိုးသန့်များကိုလည်း တောင်သူများအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ စိုက်ကွင်းသရုပ်ပြပွဲသို့ အိုင်မာရိုး၊ လယ်ကြီး၊ ကျင်းရွာနှင့်ကုန်းတဲစသည့် ကျေးရွာများမှ ပဲစင်းငုံစိုက်တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**အောင်ဌေး(မလှိုင်)**

# ကျောက်ထုမြို့နယ်၌ ယောချောင်းကူး ကြိုးတံတားသစ်ဖွင့်လှစ်

**ကျောက်ထု ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်ထုမြို့၌ လွှတ်တော်ရန်ပုံငွေကျပ် သိန်း ၄၀ နှင့် ဒေသခံပြည်သူများထည့်ဝင်ငွေ ကျပ်သိန်း ၁၀၀ ဖြင့် ဆောက်လုပ်ခဲ့သည့် ငလွန်းကျေးရွာနှင့် သရက်ချဉ်ကျေးရွာကြား ယောချောင်းကူးကြိုးတံတားကို ဒီဇင်ဘာ ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် ငလွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးညီမောင်၊ ကျောက်ထုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအေးလင်းတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါကြိုးတံတားမှာ အလျား ၃၅၀ ပေ၊ အနံ ၅ ပေ၊ ရေပြင်ကင်းလွတ်အမြင့်ပေ ၃၀ ရှိကာ တံတားဆောက်လုပ်ပြီးစီးသဖြင့် သရက်ချဉ်ကျေးရွာနှင့် ငလွန်းကျေးရွာကြား ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေသည့်အပြင် ယောချောင်းအရှေ့ဘက်ရှိ ကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူများအနေဖြင့်လည်း ယောချောင်းကို လွယ်လင့်တကူဖြတ်ကျော်ကာ ရာသီမရွေးဆက်သွယ်သွားလာမှု အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ကျောက်လိုဏ်ဂူအတွင်းက နတ်ထွင်းလက်ရာများ

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့အရပ်ဒေသအသီးသီးတွင် လိုဏ်ဂူများကို အများအပြားတွေ့ရှိနိုင်သည်။ ကမ္ဘာပေါ်ရှိ ကျောက်လိုဏ်ဂူများအနက် အရေအတွက်အားဖြင့် အများစုမှာ လူသူအရောက်အပေါက်နည်းလှသော ဝေးလံသီခေါင်သည့် တောတောင်လျှိုမြောင်များအတွင်း၌ တည်ရှိနေကြသည်။ အနည်းစုသော ကျောက်လိုဏ်ဂူတို့ကသာလျှင် အများပြည်သူတို့နေထိုင်ရာ မြို့ရွာများနှင့် မလှမ်းမကမ်း၌ တည်ရှိနေကြသည်။

ထိုသို့သော အနည်းစုဖြစ်သည့် ကျောက်လိုဏ်ဂူများထဲ၌ပင် ဖော်ထုတ်တွေ့ရှိခဲ့ပြီးဖြစ်သော လိုဏ်ဂူအရေအတွက်မှာ အချို့အဝက်သာရှိပြီး ကျန်ရှိနေသေးသော ကျောက်လိုဏ်ဂူများကိုမူ ရှာဖွေတွေ့ရှိဖော်ထုတ်နိုင်ခြင်း မရှိကြသေးပေ။ ကျောက်လိုဏ်ဂူများကို ရှာဖွေဖော်ထုတ်နိုင်မှုတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက အများဆုံးဖြစ်ပြီး ထိုထိုသော ဖွံ့ဖြိုးပြီးနိုင်ငံများသည်ပင်လျှင် မိမိတို့ရှာဖွေဖော်ထုတ်ပြီးသော ကျောက်လိုဏ်ဂူများအနက်အရေအတွက် အနည်းငယ်ကိုသာလျှင် အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ဖွင့်လှစ်ပေးထားလျက်ရှိသည်။

ကျောက်လိုဏ်ဂူတစ်လုံးကို အများပြည်သူတို့ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ရာ၌ ဘက်စုံထောင့်စုံမှ စနစ်တကျပြင်ဆင်ကြရသည်။ အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရေးအတွက် စူးစမ်းလေ့လာမှုများကို ဦးစွာပြုလုပ်ကြရသည်။ လိုဏ်ဂူအတွင်းရှိ နက်သောလျှိုများ၊ အကွေ့အကောက်များလွန်းပြီး ကျဉ်းမြောင်းသော နေရာများ စသည်တို့၌ လူအများအသက်ရှူနိုင်ရန် လုံလောက်သောအောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ ရှိ မရှိကို တိုင်းတာစစ်ဆေးကြရသလို. . . ဂူအတွင်းရှိ နက်မှောင်အေးစိမ့်လွန်းသော နေရာအချို့ကို လူအများအား ဝင်ရောက်ခွင့်ပြုရန် သင့် မသင့်ကိုလည်း လေးလေးနက်နက် စဉ်းစားဆုံးဖြတ်ကြရသည်။

ထို့ပြင် အချွန်အတက်ဖြစ်နေသော ကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၏ တည်ရှိနေပုံများအရ အချို့သောနေရာများတွင် အများပြည်သူတို့ နီးနီးကပ်ကပ်လေ့လာကြည့်ရှုရန် သင့် မသင့်ကိုလည်း ဘေးအန္တရာယ်ကင်းရှင်းရေးရှုထောင့်မှနေ၍ စဉ်းစားသုံးသပ်ကြရသည်။ လိုဏ်ဂူအမိုးပေါ်မှ တွဲလောင်းခိုကျဆင်းနေသော ကျောက်ပန်းဆွဲများအနက် အချို့မှာ လိုဏ်ဂူကြမ်းခင်းနှင့် လူတစ်ရပ်လွတ်ရုံမျှသာရှိပြီး လွန်စွာနီးကပ်နေတတ်သလို. . . လိုဏ်ဂူကြမ်းပြင်မှ အပေါ်သို့ ထိုးထိုးထောင်ထောင်ထွက်ပေါ်နေသော ကျောက်စက်မိုးမျှော်များအနက် အချို့မှာ လုံ့သွားတမျှ ချွန်ထက်နေတတ်သည်။

ထိုကဲ့သို့သော ကျောက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်တို့၏ သဘာဝအတိုင်းတည်ရှိနေပုံမှာ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုကြမည့် အများပြည်သူတို့အတွက် ထိခိုက်မှုအန္တရာယ်မှ အသက်အန္တရာယ်အထိ ဖြစ်ပွားနိုင်သည့်အတွက် လိုဏ်ဂူတစ်ခုကို အများပြည်သူတို့ကြည့်ရှုရန် ဖွင့်လှစ်ခြင်းမပြုမီ စနစ်တကျစူးစမ်းလေ့လာမှုများကို ကြိုကြိုတင်တင် စီစဉ်လုပ်ဆောင်ကြရခြင်း ဖြစ်သည်။

ကမ္ဘာအရပ်ရပ်ရှိ ထုံးကျောက်ပေါကြွယ်ဝသောဒေသများတွင် လိုဏ်ဂူများကို တွေ့ရှိနိုင်သည်။ ထုံးကျောက်တောင်များအတွင်း သဘာဝအလျောက် ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းများ၏ ရေစီးအလျဉ်နှင့် သဘာဝရေတွင် ဖွဲ့စည်းပါဝင်နေသော ဒြပ်စင်များကြောင့် လိုဏ်ဂူများကို ဖြစ်ပေါ်စေခဲ့ပြီး နှစ်ပေါင်းသန်းနှင့်ချီ၍ ကြာမြင့်လာသည့်အခါ လိုဏ်ဂူများအတွင်း၌ အလွန်လှပပြီး ရင်သပ်ရှုမော အံ့ဩမကုန်ဖြစ်ရသည့် ကျောက်ပန်းဆွဲများ ဖြစ်တည်လာရသည်။ ပန်းချီဆရာနှင့် ပန်းပုပညာရှင်များက မည်သို့ပင် စိတ်ကူးယဉ်မှန်းဆပြီး ရေးဆွဲထုဆစ်စေကာမူ သဘာဝကျောက်ပန်းဆွဲများ၏ ဖြစ်တည်ဖွဲ့စည်းနေပုံကို အန်တုု၍ မရနိုင်ပေ။

ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်တည်ရှိရာ နေရာနှင့်နီးကပ်သော ထုံးကျောက်တောင်ကြီးများသည် ကမ္ဘာ့အံ့ချီးဖွယ်ရာ ကျောက်လိုဏ်ဂူကြီးများကို ဖြစ်ပေါ်လာစေသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ၌ စုပုံဖွဲ့စည်းနေသော ဟိုက်ဒရိုကာဗွန်ဒြပ်ပေါင်းများသည် ထုံးကျောက်တောင်များအတွင်း ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ်ဓာတ်ငွေ့ကို ထွက်ပေါ်လာစေသည်။ ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ်ဓာတ်ငွေ့များသည် ကျောက်လွှာများအတွင်း ဖြတ်သန်းစီးဆင်းနေသော မိုးရေတွင်ပါဝင်သည့် အောက်ဆီဂျင်နှင့်ဓာတ်ပြုကာ ဆာလ်ဖျူရစ်အက်စစ်များကို ထုတ်လုပ်ပေးသည်။

ဆာလ်ဖျူရစ်အက်စစ်များ ဖြတ်သန်းစီးဆင်းရာ လမ်းကြောင်းတစ်လျှောက်ရှိ ထုံးကျောက်များသည် ဖျော်ချဖျက်ဆီးခြင်းခံကြရကာ လိုဏ်ဂူများကို ဖြစ်ပေါ်လာစေသည်။ ရေနှင့် ဆာလ်ဖျူရစ်အက်စစ်များသည် လိုဏ်ဂူနံရံ ကျောက်သားများအတွင်း၌ ကျန်ရစ်ခဲ့ကြပြီး ယင်းသို့သော သဘာဝဖြစ်စဉ်များကသည်ပင်လျှင် လိုဏ်ဂူများအတွင်း၌ အလွန်သန့်ရှင်းစင်ကြယ်သော ရေချိုရေသန့်များ ဖြတ်သန်းစီးဆင်းမှုကို ဖြစ်ပေါ်လာစေသည်။

**သဘာဝအလျောက် ဓာတ်ပြုရာမှ ထွက်ပေါ်လာသော ရေချိုများသည် သန့်ရှင်းစင်ကြယ်သည့်အပြင် ကျောက်လိုဏ်ဂူနံရံများကို ဖြတ်သန်းစီးဆင်းလာကြရသည့်အတွက် အလွန်ပင်အေးမြလှသည်။ ထိုအေးမြလှသော ကျောက်စက်ရေများကို သောက်သုံးခြင်းသည် ကျန်းမာရေးအရ သင့်လျော်ရုံမျှမက ယင်းကျောက်စက်ရေများဖြင့် မျက်လုံးအိမ်အတွင်းကို ဆေးကြောသန့်စင်ခြင်း၊ မျက်နှာသစ်ခြင်းတို့သည်လည်း အန္တရာယ်ကင်းသော အမြင်ကြည်လင်မှုကို ရရှိစေနိုင်သည်. . .**



အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ်ရှိ Carlsbad လိုဏ်ဂူကြီး၏ အတွင်းပိုင်းတစ်နေရာ။

ရေတွင်ပါဝင်သော သတ္တုဓာတ်ပစ္စည်းများသည် အနည်ထိုင်ကျန်ရစ်ခဲ့ကြပြီး ပုံစံမျိုးစုံရှိသော လိုဏ်ဂူမျက်နှာကြက်များ၊ နံရံများနှင့် ကြမ်းပြင်များကို ဖြစ်တည်လာစေတော့သည်။ ရင်သပ်ရှုမောဖွယ်ရာဖြစ်သော အလွန်လှပသည့် ကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များနှင့်အတူ လိုဏ်ဂူအတွင်း ဝေ့ကာဝိုက်ကာဖြင့် ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းငယ်ကလေးများကိုလည်း ဖွဲ့စည်းဖြစ်ပေါ်လာစေသည်။

ကျောက်လိုဏ်ဂူများအတွင်းရှိ သန့်ရှင်းစင်ကြယ်သော ရေချိုရေသန့်များသည် လိုဏ်ဂူအမိုးမျက်နှာကြက်များမှ တွဲလောင်းခို ကျဆင်းနေကြသော ကျောက်ပန်းဆွဲများမှတစ်ဆင့် ယိုစိမ့်စီးဆင်းလျက် ရှိနေကြသည်။ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုကြသူများက အဆိုပါ ကျောက်စက်ရေကို အမြတ်တနိုးတန်ဖိုးထားကာ သောက်သုံးလေ့ရှိကြသည်။ အချို့ကမူ ရေဘူးများဖြင့်ပင် ထည့်သွင်းယူဆောင်သွားတတ်ကြသည်။

ထုံးကျောက်တောင်များအတွင်း သဘာဝအလျောက် ဓာတ်ပြုရာမှ ထွက်ပေါ်လာသော ရေချိုများသည် သန့်ရှင်းစင်ကြယ်သည့်အပြင် ကျောက်လိုဏ်ဂူနံရံများကို ဖြတ်သန်းစီးဆင်းလာကြရသည့်အတွက် အလွန်ပင်အေးမြလှသည်။ ထိုအေးမြလှသော ကျောက်စက်ရေများကို သောက်သုံးခြင်းသည် ကျန်းမာရေးအရ သင့်လျော်ရုံမျှမက ယင်းကျောက်စက်ရေများဖြင့် မျက်လုံးအိမ်အတွင်းကို ဆေးကြောသန့်စင်ခြင်း၊ မျက်နှာသစ်ခြင်းတို့သည်လည်း အန္တရာယ်ကင်းသော အမြင်ကြည်လင်မှုကို ရရှိစေနိုင်သည်။

ကျောက်လိုဏ်ဂူများ၏သဘာဝသည် နက်မှောင်ပြီး အေးမြလွန်းလှသည့်အားလျော်စွာ အများသူငါ ကြည့်ရှုနိုင်ရန်အတွက် သီးသန့်စီစဉ်ပေးထားခြင်းမရှိသေးသော လိုဏ်ဂူများအတွင်းသို့ ဝင်ရောက်လေ့လာ ကြည့်ရှုလိုသူများသည် အနွေးထည်၊ လက်နှိပ်ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင်စသည်တို့ကို အသင့်ယူဆောင်သွားကြရမည်ဖြစ်သည်။ အနိမ့်ဆုံးအပူချိန် ၁၂ ဒီဂရီ ဆဲလ်စီးယပ်ခန့်အထိ ရှိနိုင်သော ကျောက်လိုဏ်ဂူများအတွင်း၌ အနွေးထည်သည် အအေးဒဏ်မှကာကွယ်ရန်ဖြစ်ပြီး လက်နှိပ်ဓာတ်မီးသည် မှောင်မိုက်သောနေရာများ၌ အသုံးပြုရန်ဖြစ်သည်။ အတွင်းပိုင်းရှိ နက်သောလျှိုများအတွင်းသို့ မဝင်ရောက်မီ ဖယောင်းတိုင်မီးကို ထွန်းညှိခြင်းဖြင့် အောက်ဆီဂျင် လုံလောက်စွာ ရှိမရှိကို စူးစမ်းသိရှိနိုင်ကာ အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်သည်။

အများသူငါတို့ ကြည့်ရှုနိုင်ရန် စနစ်တကျစီစဉ်၍ ဖွင့်လှစ်ပေးထားသော ကျောက်လိုဏ်ဂူကြီးများ၌မူ လျှပ်စစ်မီးအလင်းရောင်ကို လုံလောက်စွာ ထွန်းညှိပေးထားခြင်း၊ လူသွားလမ်းကလေးများကို အတတ်နိုင်ဆုံးပြေပြစ်အောင် စီစဉ်ပြုလုပ်ပေးထားခြင်း၊ အောက်ဆီဂျင်ဓာတ်ငွေ့နည်းပါးသော လျှိုနံရံများကြားသို့ ဝင်ရောက်ခွင့်တားမြစ်ထားခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်သည့် အစီအမံများ ပြုလုပ်ပေးထားခြင်းတို့ကို တွေ့ရှိနိုင်သည်။

မည်သို့ပင်ဖြစ်စေကာမူ ကျောက်လိုဏ်ဂူများအတွင်းသို့ ဝင်ရောက်သည့်အခါ အပ်ချောင်းများထောင်ထားသည့်ပုံစံ ဖြစ်တည်နေသော ကျောက်စက်မိုးမျှော်အနုစိတ်နေရာများကို ဂရုတစိုက်ကြည့်ရှုကြရန် လိုအပ်သည်။ အရွယ်အစားသေးငယ်ပြီး ချွန်ထက်နေသော ကျောက်စက်မိုးမျှော် အနုစိတ်များ၏ မာကျောကျစ်လျစ်မှုအဆင့်အတန်းသည် အလွန်မြင့်မားနေခြင်းကြောင့် ယင်းတို့အပေါ်သို့ ခြေချော်ကျရောက်ခဲ့လျှင် အသက်အန္တရာယ်အထိ ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။

နှစ်သန်းပေါင်းများစွာကပင် ဖြစ်တည်နေခဲ့ကြသော ကမ္ဘာအရပ်ရပ်ရှိ ကျောက်လိုဏ်ဂူကြီးများကို စွန့်ဦးရှာဖွေသူများက တွေ့ရှိနိုင်ရန် လင်းနို့ငှက်များက လမ်းပြခဲ့ကြခြင်းဖြစ်သည်။ လင်းနို့များသည် သားပေါက်ရာသီရောက်ရှိလာသည့်အခါ အဝင်အထွက်တစ်ပေါက်တည်းသာရှိသည့် ကျောက်လိုဏ်ဂူများအတွင်းသို့ အုပ်စုလိုက် ပြောင်းရွှေ့ရောက်ရှိလာကြသည်။ နေ့ဘက်တွင် လိုဏ်ဂူအတွင်း၌ အိပ်စက်အနားယူကြပြီး အလင်းရောင်ကင်းမဲ့သည့် ညအချိန်သို့ရောက်သောအခါ လိုဏ်ဂူအပြင်ဘက်သို့ အုပ်စုလိုက် အစာရှာထွက်ကြသည်။ လင်းနို့ငှက်များ အုပ်စုလိုက် အဝင်အထွက်ပြုလုပ်နေသည်ကို သတိပြုမိသော စွန့်ဦးရှာဖွေရေးသမားတို့က ရင်သပ်ရှုမော အံ့ဩမကုန်အောင် လှပဆန်းကြယ်သော ကျောက်လိုဏ်ဂူများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ကမ္ဘာ့အံ့ဖွယ် ကျောက်လိုဏ်ဂူများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ် ကားစ်ဘက်မြို့အနီးရှိ ကားစ်ဘက်လိုဏ်ဂူကြီးကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)က ကမ္ဘာ့သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

သဲကန္တာရမျက်နှာပြင်၏ အောက်ဘက်၌ ဂူငယ်ပေါင်းတစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ရှိနေသည့် အဆိုပါကျောက်လိုဏ်ဂူကြီး၏ နေရာအနည်းစုကိုသာ အများပြည်သူအား ကြည့်ရှုခွင့်ပေးထားပြီး နေရာအများစုကိုမူ သုတေသနလုပ်ငန်းများအတွက် သီးသန့်ခွင့်ပြုပေးထားလျက်ရှိသည်။

ကမ္ဘာအရပ်ရပ်တွင် ကျောက်လိုဏ်ဂူများ အများအပြားရှိကြသည့်အနက် အများပြည်သူ မရောက်ဖူးသေးသော ကျောက်လိုဏ်ဂူအချို့ကို စူးစမ်းလေ့လာရေးအဖွဲ့များအတွက် သီးသန့်ခွင့်ပြုပေးထားသလို. . . အချို့သော လိုဏ်ဂူများအတွင်း၌ ကင်ဆာရောဂါကို ကုသနိုင်မည့် အဏုဇီဝပိုးမွှားများကို ရှာဖွေသုတေသနပြုနိုင်ရန်အတွက် ဆေးသိပ္ပံပညာရှင်များအား အထူးခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ပေးထားလျက် ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပြင်ဦးလွင်ဒေသရှိ ပိတ်ချင်းမြောင်လိုဏ်ဂူနှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသရှိ ထန်စန်းလိုဏ်ဂူတို့သည်လည်း ကျောက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်၊ စမ်းချောင်းငယ်များဖြင့် သဘာဝအလျောက် ဖြစ်တည်လာခဲ့သည့် လိုဏ်ဂူများဖြစ်ကြပြီး အများပြည်သူတို့ ကြည့်ရှုလေ့လာအပန်းဖြေနိုင်စေရန် ဖွင့်လှစ်ပေးထားလျက်ရှိသည်။

နတ်များထွင်းထုထားသည့် လက်ရာအလား. . . ရင်သပ်ရှုမော အံ့ဩမကုန်နိုင်အောင် ထူးခြားဆန်းကြယ်လှပလွန်းသည့် ကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၊ စမ်းချောင်းငယ်များဖြင့် ဖွဲ့စည်းဖြစ်တည်နေကြသော ကမ္ဘာ့ဒေသအသီးသီးရှိ ကျောက်လိုဏ်ဂူကြီးများသည် နှစ်ကာလ သန်းနှင့်ချီ၍ကြာမြင့်ပြီးမှ ဖြစ်တည်လာခဲ့ကြသည့် တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့အမွေအနှစ်နေရာများ ဖြစ်သည့်အတွက် ကျောက်လိုဏ်ဂူကြီးများကို ဖျက်ဆီးခြင်း၊ သဘာဝအနေအထားများကို ပျက်ယွင်းစေခြင်း၊ ဖြတ်တောက်ဖယ်ရှားခြင်း၊ လူလုပ်ရုပ်ဝတ္ထုပစ္စည်းများဖြင့် အစားထိုးခြင်းနှင့် တွဲဆက်တည်ဆောက်ခြင်း စသည်တို့ကို မပြုလုပ်ကြဘဲ သဘာဝအတိုင်းသာလျှင် အစဉ်သဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

**ကမ္ဘာအရပ်ရပ်တွင် ကျောက်လိုဏ်ဂူများ အများအပြားရှိကြသည့်အနက် အများပြည်သူ မရောက်ဖူးသေးသော ကျောက်လိုဏ်ဂူအချို့ကို စူးစမ်းလေ့လာရေးအဖွဲ့များအတွက် သီးသန့်ခွင့်ပြုပေးထားသလို အချို့သော လိုဏ်ဂူများအတွင်း၌ ကင်ဆာရောဂါကို ကုသနိုင်မည့် အဏုဇီဝပိုးမွှားများကို ရှာဖွေသုတေသန ပြုနိုင်ရန်အတွက် ဆေးသိပ္ပံပညာရှင်များအား အထူးခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ပေးထားလျက်ရှိသည်. . .**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ ခွဲစိတ်ကုသပေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသပေးခြင်း အခမ်းအနားကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ ဒီဇင်ဘာ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ် အထူးကုဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမိုးသူဇာက ခွဲစိတ်ကုသခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက လက်ခံရယူသည်။ ထို့နောက် ခွဲစိတ်ကုသမှုအတွက် ဆေးဝါးကုန်ကျစရိတ် ၄၅ သိန်းနှင့် မေ့ဆေးစက်အတွက် ကျပ်ငါးသိန်း၊ ခွဲစိတ်ပေးသော ဌာနမှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအတွက် ငွေကျပ် သိန်း ၃၀ ကို ဂုဏ်ပြုပေးအပ်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုးနှင့် ခံတွင်းပြုပြင်မှုဆိုင်ရာ ခွဲစိတ်ကုဌာနရှိ ခွဲစိတ်ပြီးနှင့် ခွဲစိတ်ကုသမှုခံယူကြမည့် လူနာများအား ဝန်ကြီးချုပ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ကုမ္ပဏီယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ယာဉ်တိုက်မှုလျော့နည်းကျဆင်းစေရေးအတွက် စက်မှုဇုန်များရှိ ကုမ္ပဏီများမှ ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုများကို မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုက ဆောင်ရွက်လျက်ရှိရာ ရွှေသံလွင်စက်မှုဇုန် ဧရာဝတီလမ်းရှိ ရွှေထွန်းကားမျိုးစုံ ဖြန့်ဖြူးရောင်းချရေးကုမ္ပဏီမှ ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ယာဉ်ဥပဒေများကို ဒီဇင်ဘာ ၁၄ ရက်က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

"လှိုင်သာယာမှာ ၂၀၁၃ ခုနှစ်က ယာဉ်တိုက်မှု ၂၁၇ မှု၊ ၂၀၁၄ ခုနှစ်မှာ ၂၄၄ မှုနဲ့ ဒီနှစ်ထဲမှာ ဒီနေ့အထိ ယာဉ်တိုက်မှု ၂၀၀ ကျော် ဖြစ်ပွားခဲ့တယ်။ ယာဉ်ထိန်းတပ်ဖွဲ့နဲ့ ဌာနဆိုင်ရာတွေ၊ ယာဉ်မောင်းနဲ့ ပြည်သူတွေ ဝိုင်းဝန်းကူညီပြုပြင်ဆောင်ရွက်မယ်ဆိုရင် ယာဉ်မတော်တဆမှုတွေ လျော့နည်းသွားမှာပါ"ဟု အမှတ်(၆၈)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးငွေတင်ကပြောသည်။

ဟောပြောပွဲတွင် ဒုရဲမှူးငွေတင်က လှိုင်သာယာမြို့နယ်တွင်းရှိ ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားတတ်သောနေရာများ၊ ဘီအိုစီအဝိုင်းနှင့် သမကုန်းအဝိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းများ၊ မီးပွိုင့်များတွင် စည်းကမ်းမဲ့ယာဉ်မောင်းများကြောင့် ယာဉ်တိုက်မှုဖြစ်ပွားပုံ၊ ရန်ကုန်မြို့တွင်း ယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပြဋ္ဌာန်းထားသောမော်တော်ယာဉ်ဥပဒေများအကြောင်း၊ ပြည်တွင်း/ပြည်ပမှ ယာဉ်မတော်တဆဖြစ်ပွားပုံ နှိုင်းယှဉ်ချက်များကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးမြို့နယ်ဖြစ်သော လှိုင်သာယာမြို့နယ်၌ လစဉ် ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိသောကြောင့် ကုမ္ပဏီယာဉ်မောင်းများသာမက အထက်တန်းကျောင်းများနှင့် ရပ်ကွက်နေပြည်သူများလည်း သိရှိလိုက်နာနိုင်စေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# အချုပ်ခန်းများအား တရားလွှတ်တော်တရားသူကြီး ကြည့်ရှုစစ်ဆေး

**မြန်အောင် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့မရဲစခန်း၊ ကြံခင်းမြို့နယ်ရဲစခန်းနှင့် အင်္ဂပူမြို့နယ် ရဲစခန်းများမှ အချုပ်ခန်းများကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့ ဒီဇင်ဘာ ၁၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဦးဝင်းမြင့်သည် ဟင်္သာတခရိုင်တရားသူကြီး ဒေါ်အေးအေးသန်းလိုက်ပါ၍ အချုပ်ခန်းများ၌ အချုပ်သားများအနေဖြင့် ဥပဒေပါအခွင့်အရေးများ ခံစားခွင့် ရှိ မရှိ၊ အချုပ်သားများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

















telenor
ပို . . ပိုပြီးရယူသွား
တယ်လီနောရဲ့
နှစ်သစ်ကူးလက်ဆောင်များ
စမတ်အင်တာနက် 500MB + 100MB အခမဲ့ + Capture app မှာ upload/download အခမဲ့သုံးစွဲခွင့် = ၂၇၀၀ကျပ် (ရက်၃၀အတွင်း)
၅၀၀သို့ "smart500mb"ဟု SMS ပို့၍ (သို့) *4001# ကိုဖုန်းခေါ်ဆို၍ရယူပါ။
တယ်လီနော အချင်းချင်း မိနစ် ၁၀၀ ခေါ်ဆိုခ = ၁၅၀၀ကျပ် (ရက်၃၀အတွင်း)
၅၀၀သို့ "T1500"ဟု SMS ပို့၍ (သို့) *801# ကိုဖုန်းခေါ်ဆို၍ရယူပါ။
ဤအစီအစဉ်ကို E load ဖြင့်လည်း အတိအကျငွေပေးချေ၍ ဝယ်ယူနိုင်ပါပြီ။
နှစ်သစ်ကူးလက်ဆောင်အစီအစဉ်ကာလ - ၈ရက်၊ ဒီဇင်ဘာ၊ ၂၀၁၅ မှ ၃၁ရက်၊ ဇန်နဝါရီ၊ ၂၀၁၆ အထိ
အကြီးမားဆုံး 3G ကွန်ရက်နဲ့ သင့်တင့်မျှတသောနှုန်းထားဖြင့် ဆက်သွယ် ချိတ်ဆက်နိုင်ပါပြီ။
အသေးစိတ်အချက်အလက်ကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။



ခရစ္စမတ်အထူးအစီအစဉ်
ဒီဇင်ဘာလ(၃၁)ရက်နေ့ အထိသာ
SUZUKI
Way of Life!
The Brand New
ERTIGA
ဆွဲဆောင်မှုရှိခြင်းနှင့်
သက်တောင့်သက်သာရှိခြင်း
* ခုံသုံးတန်း၊ ထိုင်ခုံခုနစ်လုံး၊ ပတ်လည်အဲယားကွန်း
* ၁.၄လီတာ အင်ဂျင်၊ အော်တိုဂီယာ(၄)ချက်ပါရှိခြင်း
* စစ်မှန်သောအလှဆင်ပစ္စည်းများ ရရှိနိုင်ခြင်း
အာမခံရှိခြင်း
* သုံးနှစ်၊ ကီလို၁၀၀,၀၀၀အာမခံရှိခြင်း
(ဦးဆုံးအရင်ကျရောက်ရာ)
facebook/Suzuki Myanmar Motor Co., Ltd.
ERTIGA
စျေးနှုန်း (US $ 17,900 ++)
ကျပ် ၁၉၉သိန်း + +
NEW SUPER CARRY TRUCK
အာမခံရှိခြင်း
* တစ်နှစ်၊ မိုင် ၂၀,၀၀၀ အာမခံရှိခြင်း
(ဦးဆုံးအရင်ကျရောက်ရာ)
စျေးနှုန်း (US $ 5,777 ++)
ကျပ် ၆၉သိန်း + +
အရေအတွက်အကန့်အသတ်!!
(First Come, First Serve Condition!!)
ဆူဇူကီး(မြန်မာ)မော်တော်မှ လေးစားရသောဝယ်ယူအားပေးသူများအတွက်အစဉ်ထောက်ပံ့ပေးထားသည်မှာ. . . . .
၁ စိတ်ချမ်းမြေ့မှုရရှိခြင်း
* ကောင်းမွန်စွာလေ့ကျင့်ပေးထားသော ကားပြုပြင်ထိန်းသိမ်းရေး နည်းပညာဆိုင်ရာဝန်ထမ်းများရှိခြင်း။
* စစ်မှန်သောဆူဇူကီး အပိုပစ္စည်းများအလုံအလောက် ရရှိနိုင်ခြင်း။
၂ ယုံကြည်စိတ်ချရသောထုတ်ကုန်
* ဂျပန်ဆူဇူကီး အရည်အသွေး၊ အဆင့်အတန်းနှင့်အညီ တပ်ဆင်ထုတ်လုပ်ထားပါသည်။
ကိုယ်စားလှယ်များ
ရှုနဒီ မော်တော်
မျိုး မော်တော်
အောင် မော်တော်
အမှတ် - ၃၃၊ ပြည်လမ်း၊
လွင်နှင့်စွမ်း မော်တော်
အေအိုင်ဂျီ မော်တော်






First National Insurance
Assuring Peace of Mind, the Essence of Life
ပထမအမျိုးသား အာမခံ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
INSURANCE EXPO 2015
ကြွရောက်ချီးမြှင့်သူများအား ဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးအာမခံ နှင့်ကားအာမခံထားရှိသူများအတွက်
One-Stop Service ဆောင်ရွက်ပေးပြီး (31-12-2015) ထိ
10% Discount ပေးပါမည်။
Venue :(MCC, Yangon)
Date :19-12-2015
(9:00 AM ~ 5:00 PM)
Like us on
www.facebook.com/Fnipublic
အလုပ်အကိုင် များလည်းလာရောက် လျှောက်ထား နိုင်ပါသည်။
YANGON
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar.
Tel: 01-8610661~5 Fax: 01-8610675, 01-8610676
MANDALAY
No.123, 73rd Street, (Between 32nd Street & 33rd Street),
Yan Myo Lon Ward, Chan Aye Thar Zan Township,
Mandalay, Myanmar.
Tel: 02-74525, 09-423687900, 09-423687166, Fax: 02-74753
www.fnipublic.com

## သီတဂူ ရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ ဒီဇင်ဘာလ၊ ၁၉-၂၀၊ (၅၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဒီဇင်ဘာလ(၁၃)ရက် (၅၄)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၉၈၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဒီဇင်ဘာလ (၁၉၊ ၂၀)ရက်တွင် ၅၅-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်စေမာသီရိလင်္ကာရ (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ ဦးဆောင်စီမံလှူဒါန်းအပ်သော မေတ္တာနန္ဒဆေးရုံ ရေစက်ချအလှူတော်မင်္ဂလာ

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ယက္ကန်းစင်တောင်ဒေသ မေတ္တာနန္ဒဆေးရုံ ၁၆ ခုတင် ရေစက်ချလှူဒါန်းပွဲ ဆေးရုံဖွင့်ပွဲအခမ်းအနားကို ဖော်ပြပါအတိုင်း သုံးရက်တိုင်တိုင် ဆင်ယင်ကျင်းပပါမည်။

(၁) ၁၅-၁-၂၀၁၆ ခုနှစ် နံနက် ၇ နာရီမှစ၍ ပင့်သံဃာအပါးတစ်ထောင် ဆွမ်းကြီးလောင်းလှူခြင်းနှင့် စတုဒိသာကျွေးမွေးခြင်း။

(၂) ၁၆-၁-၂၀၁၆ ခုနှစ် နံနက် ၉ နာရီတွင် မေတ္တာနန္ဒဆေးရုံ (၁၆-ခုတင်) ရေစက်ချအခမ်းအနားကျင်းပခြင်း၊ (ဒယာနန္ဒဖောင်ဒေးရှင်းအလှူရှင်များနှင့် ဖိတ်ကြားထားသူများသာ တက်ရောက်ပါရန်။)

(၃) ၁၇-၁-၂၀၁၆ ခုနှစ် နံနက် ၆ နာရီမှစ၍ အခမဲ့မျက်စိစမ်းသပ်ပေးခြင်း အပါအဝင် အထွေထွေရောဂါကုသပေးခြင်းနှင့် စတုဒိသာကျွေးမွေးခြင်း။

## (၃၅)ကြိမ်မြောက် (၄၅)ရက်တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ မောင်းထောင်မြေဇင်းတောရ တိုက်ခွဲ ဆရာတော်အရှင်ကေလာသသည် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ကန္တီနည်းဥပနိသယနည်းစနစ်အတိုင်း သမထဝိပဿနာ (၄၅)ရက် တရားစခန်းကို ၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်၊ ၂၇-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့်ယောဂီများသည် မည်သည့်စခန်းဝင်ကြေးမှ ပေးစရာမလိုဘဲ ကြိုတင်စာရင်းပေး ဝင်ရောက်နိုင်ပါသည်။

**ဆက်သွယ်ရန်**

အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၁-၆၂၉၁၅၃၊ ၀၉-၂၀၃၃၃၄၄၊ ၀၉-၇၃၀၃၅၇၅၇၊ ၀၉-၇၉၅၃၅၀၆၀၈၊ ၀၉-၂၅၀၆၆၆၂၀၆

## ဒီဇင်ဘာ အထူးတရားစခန်းပွဲ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၈ ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာအတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒီဇင်ဘာ အထူးတရားစခန်းပွဲကို ၂၀-၁၂-၂၀၁၅ ရက် တနင်္ဂနွေနေ့မှ ၂၉-၁၂-၂၀၁၅ ရက် အင်္ဂါနေ့အထိ ညစဉ် ၇ နာရီ၌ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဇန်းမော်ဆရာတော်ကြီးနှင့် မဟာစည်နယ်လှည့်ဓမ္မကထိကဆရာတော်များမှ တရားဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ ၂၀-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီအရောက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**တရားစခန်းဝင်ယောဂီများအား လှူဒါန်းလိုပါက**

| | | | |
|---|---|---|---|
| အရုဏ်ဆွမ်း | - ၁၅၀၀၀၀ | ဓမ္မပူဇာ | - ၁၀၀၀၀၀ |
| နေ့ဆွမ်း | - ၂၀၀၀၀၀ | ရေ | - ၁၀၀၀၀ |
| အချိုပွဲ | - ၃၀၀၀၀ | မီး | - ၁၀၀၀၀ |

နှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။

ဝေယျာဝစ္စအဖွဲ့
စိန်စည်သာသနာ့ရိပ်သာ
ဖုန်း-၀၉-၅၁၂၃၀၀၃၊ ၀၉-၄၂၁၀၆၀၈၇၂၊ ၀၉-၂၅၂၄၅၂၈၇၇

## ဆရာမကြီးနိယာမ ဒေါ်စန်းမေ အား

၂၅-၁၂-၂၀၁၅ နေ့ နေလည် (၁) နာရီတွင် သာဝတ္ထိဆန်းဇေဒင် ပညာသင်တပည့်များက ဆရာမကြီး၏နေအိမ်၌ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ တပည့်အားလုံး တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ဆရာဘုန်းတင့်ကျော်၊ သိမ်းကြီးဈေး၊ (စီ)၅ (ဖုန်း - ၀၉၄၂၀၁၈၂၃၆၆)

## အစွမ်းမသေးပေါင်မန္တလေးဆောင် (၁၅)ကြိမ်မြောက် ရန်ကုန်တက္ကသိုလ်မန္တလေးဆောင်ကျောင်းသားဟောင်းများ၏ မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် ကျောင်းသားဟောင်းများ၏ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိသားစုများနှင့်တကွ မပျက်မကွက်တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ပြုလုပ်မည့်ရက်** - ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် (ကြာသပတေးနေ့)
**ပြုလုပ်မည့်အချိန်** - ညနေ ၅ နာရီမှ ည ၈ နာရီထိ
**ပြုလုပ်မည့်နေရာ** - International Business Centre, IBC မြက်ခင်းပြင်၊ အမှတ်(၈၈)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ

**မန္တလေးဆောင်ကျောင်းသားဟောင်းများ**
**ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်**

## (၁၃)ကြိမ်မြောက် အထက(ဘီးလင်း) မြတ်ဆရာပူဇော်ပွဲ

(၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၀-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ကရင်နှစ်သစ်ကူးနေ့တွင် အထက ဘီးလင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အပူဇော်ခံဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-** ဦးသက်ဇော်နိုင် ဖုန်း-၀၉-၂၅၅၇၁၅၀၅၆၊ ဒေါ်ပန်းဆီဇာ ဖုန်း-၀၉-၇၈၄၁၂၄၆၆၈၊ ဒေါ်ခိုင်လွင်လွင်အောင် ဖုန်း-၀၉-၄၃၀၀၄၅၀၊ ဒေါ်သဉ္ဇာအောင် ဖုန်း-၀၉-၄၂၅၂၇၃၁၇၇၊ ဒေါ်ပိုပိုအောင် ဖုန်း-၀၉-၇၉၀၈၃၃၃၅၆၊ ဒေါ်ချမ်းမြေ့ပြုံးပွင့်သူ ဖုန်း-၀၉-၄၄၉၂၄၉၈၀၅

## ဒုတိယအကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့် (၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲ

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်အတွင်း ကြည်ညိုသဒ္ဓါပွားများကြသော ဗုဒ္ဓဘာသာဝင် ပါရမီရှင်ကုသိုလ်ရှင်အပေါင်းတို့အား ရပ်ကွက်အတွင်း၊ မြို့နယ်အတွင်း တိုင်းနိုင်ငံတော်အတွင်း၊ ''ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာ''နှင့် ပြည့်စုံစေခြင်းအကျိုးငှာ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတိုက် မဟာဗောဓိသိမ်တော်မြတ်စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များကို နာယကလူကြီးများ၊ ဂေါပကလူကြီးများ၊ ကျင်းပရေးအမှုဆောင်အဖွဲ့ဝင်များ၊ အမျိုးသမီးဝတ်အဖွဲ့နှင့် လူငယ်အဖွဲ့ဝင်များမှ ပင့်ဆောင်ပြီး ၁၈-၁၂-၂၀၁၅ ရက်မှစ၍ ရပ်ကွက်အသီးသီး၌ သီတင်းသုံးတော်မူပြီး ရပ်ကွက်အတွင်းသို့ ၂၅-၁၂-၂၀၁၅ရက် ညနေ ၃း၀၀နာရီမှစတင်ကာ မြေနီကုန်းဓမ္မာရုံမှ မြေနီကုန်း(တောင်)၊ (မြောက်)ရပ်ကွက်လမ်းအသီးသီးသို့ ဒေသစာရီကြွချီပင့်ဆောင်ပူဇော်မည်ဖြစ်ပါသည်။ ပူဇော်ပွဲအပြီးတွင် မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတိုက် မဟာဗောဓိသိမ်တော်မြတ်စေတီတော်သို့ ရုပ်ပွားတော်များပြန်လည်ကြွချီစံမြန်းတော်မူပါမည်။ ဗုဒ္ဓဘာသာဝင် ပါရမီရှင်ကုသိုလ်ရှင်အပေါင်းတို့မှ ညီညာ၍ သဒ္ဓါရွှင်လန်းစွာဖြင့် ပါဝင်ကုသိုလ်ပြုပူဇော်လှူဒါန်းတော်မူကြပါရန် လေးစားစွာဖြင့် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

၂၆-၁၂-၂၀၁၅ ရက် နံနက် ၅ နာရီအချိန် အဆိုပါ ရုပ်ပွားတော်များနှင့် မဟာဗောဓိစေတီတော်အတွင်း၊ ဆင်းတုတော်များကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲမင်္ဂလာနှင့်အတူ နံနက် ၉း၃၀ နာရီတွင် ဗုဒ္ဓပူဇနိယအောင်ပွဲ ရေစက်ချမင်္ဂလာပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်ဖြင့် အကြိုအထူးတရားပွဲများကို ၂၂-၁၂-၂၀၁၅ ရက်မှစ၍ ၂၆-၁၂-၂၀၁၅ရက်အထိ ညစဉ် (၁) ပဲခူးချမ်းမြေ့ရိပ်မြိုင်ဆရာတော်၊ (၂) မေတ္တာအေးဆရာတော်၊ (၃) ဓမ္မဘေရီဆရာတော်၊ (၄) တွံတေးဆရာတော်၊ (၅) အမေရိကန်ဆရာတော် (ယောနွယ်)တို့မှ ညစဉ် ၇း၀၀ နာရီတွင် ဟောကြားမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်ရန်-** မဟာဗောဓိစေတီတော်ဂေါပကအဖွဲ့ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်း (မြေနီကုန်း၊ စမ်းချောင်း၊ ရန်ကုန်) ဖုန်း-၀၁-၅၃၇၅၉၇၊ ၀၉-၅၁၀၁၆၅၉

## ဆူးလေစေတီတော်ဂေါပကအဖွဲ့ ၂၀၁၆ ခုနှစ် လုပ်ငန်းများဆောင်ရွက်ရန် ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆူးလေစေတီတော် ဝတ္တကမြေအတွင်း ဘုရားဖူးများအဆင်ပြေစေရန် ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားသော အောက်ဖော်ပြပါလုပ်ငန်းများကို ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းများချထားပေးမည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် ၁၁-၁၂-၂၀၁၅ ရက်မှ ၂၄-၁၂-၂၀၁၅ ရက်အတွင်း ရုံးအဖွဲ့မှူးထံတွင် မှတ်ပုံတင်စာရင်းပေးသွင်း၍ လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက စေတီတော် ကြော်ငြာသင်ပုန်းနှင့် ဖုန်း-၃၇၁၅၆၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်လုပ်ငန်းများ**

၁။ နိုင်ငံခြားသားများ ဝင်ကြေးအလှူငွေကောက်ခံခြင်းလုပ်ငန်း
၂။ ကန်တော့ပွဲပြင်လုပ်ငန်း
၃။ ကန်တော့ပွဲစွန့်ပစ္စည်းများ သိမ်းဆည်းရယူခြင်းလုပ်ငန်း
၄။ ထီး/ဖိနပ် ကြိုဆိုထိန်းသိမ်းရေးလုပ်ငန်း
၅။ အများသုံးသန့်စင်ခန်းလုပ်ငန်း
၆။ မျက်ပါးရွှေဆိုင်းများရောင်းချခြင်းလုပ်ငန်း

ဂေါပကအဖွဲ့

## စစ်ကိုင်း သမဝါယမကောလိပ်/တက္ကသိုလ် ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

စစ်ကိုင်းသမဝါယမ ဒေသကောလိပ်/တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပါသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် **ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ**ကို ၃-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် စစ်ကိုင်းသမဝါယမတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသစ်ကြီး၌ နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၁၉၉၆ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအနေနှင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သူများ**

၁။ ကိုကျော်စိုးလတ် (ရန်ကုန်) ဖုန်း-၀၉-၇၃၀၅၁၆၂၁
၂။ ကိုဂျေဇင်ဦး (စစ်ကိုင်း) ဖုန်း-၀၉-၄၃၁၁၂၉၅၉
၃။ ကိုဘိုဘိုဟန် (ရွှေဘို) ဖုန်း-၀၉-၄၀၀၄၀၃၂၀၀
၄။ ကိုနေမင်းထွန်း (မန္တလေး) ဖုန်း-၀၉-၄၄၄၀၄၆၁၀၀

Bank Account No.CB Bank-1132003559
(ဒေါ်မာယာထွန်း ဖုန်း-၀၉-၄၄၄၀၀၅၁၅၇)

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၃၂၇)၊ ဧရိယာ ၀ဒသမ ၁၁၀၈ဧက၊ ဦးတင်မောင်ရီအမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၁၅၄/၂၀၁၅ (၁၉-၁၁-၂၀၁၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နှင်းသီတာ ၅/စကန(နိုင်)၁၄၇၁၈၀ (ဘ) ဦးဌေးမောင်မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## (၃၈)ကြိမ်မြောက် စွန်းလွန်းတရားစခန်း

ကျောက်ပန်းတောင်း စွန်းလွန်းဂူကျောင်းတွင် ၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၁၀ ရက် (တနင်္လာနေ့)မှ နတ်တော်လပြည့်ကျော် ၄ရက် (ဗုဒ္ဓဟူးနေ့)၊ ၂၁-၁၂-၂၀၁၅ ရက်မှ ၃၀-၁၂-၂၀၁၅ ရက်အထိ ကမ္ဘာအေးစွန်းလွန်းဆရာတော် ဦးဝရ ကိုယ်တိုင် ကြွရောက်၍ တရားဟောကြားပြသတော်မူပါမည်။

**ကျောက်ပန်းတောင်းစွန်းလွန်းပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့**

## အသိပေးအကြောင်းကြားခြင်း

၆-၂-၁၉၆၅ ရက် ဗိုလ်သင်တန်းအမှတ်စဉ်(၃၁) သင်တန်းဆင်းသည့် ကြည်း ၁၀၂၈၇မှ ကြည်း ၁၀၄၈၃ ထိ အရာရှိများကို ဗိုလ်သင်တန်း အမစ(၃၁)သာမှုနာမှုကော်မတီမှ လိပ်စာစာအုပ်များထုတ်ပေးခဲ့ပါသည်။ ၎င်းလိပ်စာစာအုပ်တွင် လိပ်စာ/ဖုန်းနံပါတ်များ မသိရှိရသည့် သူငယ်ချင်းများနှင့် ကွယ်လွန်ပြီးသူငယ်ချင်းများ၏ ဇနီးများအား အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

၁။ ဒုဗိုလ်မှူးကြီး မြင့်ဆွေ(ငြိမ်း) ဖုန်း-၀၁-၆၁၀၁၇၄၊ ၀၉-၅၁၅၆၉၃၉
၂။ ဒုဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း) ဖုန်း-၀၁-၆၁၁၀၆၁၊ ၀၉-၅၀၉၄၉၃၆

**ဗိုလ်သင်တန်းအမှတ်စဉ်(၃၁)သာမှုနာမှုကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၉

| | | |
|---|---|---|
| ဒေါ်ထားထားရင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စန်းချိုဦး) | နှင့် | ၁။ ဒေါ်အေးအေးမြင့် ၂။ ဒေါ်စန်း ၃။ ဒေါက်တာဇီးဘတ်လူး(ခ)လိုရက်ဖြူ ၄။ ဦးဝင်းကြည် |
| တရားလို | | တရားပြိုင်များ |

တရားပြိုင် အမှတ်(၂) ဒေါ်စန်း အမှတ် ၆၈၊ ပထမထပ်(ယာဘက်ခန်း)၊ ဘုန်းကြီးလမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်နှင့် တရားပြိုင် အမှတ်(၃) ဒေါက်တာဇီးဘတ်လူး(ခ) လိုရက်ဖြူ အမှတ် ၁၂၀၊ ပြည်လမ်း၊ ရှစ်မိုင်၊ အမှတ်(၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ''ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ပြည်လမ်း၊ ခြံအမှတ် ၁၂၀ အတွင်းရှိ ၀ဒသမ ၃၅၃၉ဧကရှိ မြေကွက်အမှတ် ၃(ဃ) မြေကွက်ကို တရားလိုပိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် တရားပြိုင် အမှတ်(၄) လက်ဝယ်ရှိမြေကွက်ကို တရားလိုအား လက်ရောက်ပေးအပ်စေလိုမှု'' လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေရန်ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၈ရက် (၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူများသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(ခိုင်ခိုင်လေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကိုယ်တိုင်လာရောက်စေရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၃) ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော် ၂၀၁၁ခုနှစ် တရားမမှုအမှတ်-၁၁၆၉

| | | |
|---|---|---|
| ဒေါ်ရင်နု | နှင့် | ၁။ ဦးအောင်သန်း ၂။ ဦးကိုကိုနိုင် ၃။ ဒေါ်မိမိနိုင် ၄။ ဒေါ်မြင့်မြင့်သန်း ၅။ ဒေါ်ရီရီသန်း |
| တရားလို | | တရားပြိုင်များ |

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ သာယာကုန်း၊ အမှတ် ၁၇၉ နေ ဦးကိုကိုနိုင် (၂ တရားပြိုင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်တွင် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ အရ ၂၉-၈-၁၉၉၃ ရက်စွဲပါ မိသားစုစီမံချက်ဖြင့် မေတ္တာနှင့်အပိုင်ပေးစာချုပ်ကို ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြုလုပ်ပေးရန်နှင့် သီးခြားသက်သာခွင့် အက်ဥပဒေ ၄၂ အရ စာချုပ်ပါမြေနှင့် နှစ်ထပ်တိုက်အဆောက်အအုံတို့ကို တရားလို လက်ရှိထားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် ရုံးတွင် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၄ ရက် မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းပြင် အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ၎င်းအမှုကို စစ်ဆေးစီရင်ဆုံးဖြတ်လိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေဆွေ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဝိဇာတမင်္ဂလာနှင့် ဩဝါဒခံယူပွဲ

မန္တလေးမြို့၊ ၁၇လမ်း၊ ၈၆/၈၇လမ်းကြား၊ မဟာကုသိုလ်တော် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီး၏ သက်တော် (၇၃)နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့် ဩဝါဒခံယူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်အပေါင်းနှင့် လူပုဂ္ဂိုလ်တို့အား အသိပေးကြေညာအပ်ပါသည်။

**နေ့ရက်** - နှစ်စဉ် ပြာသိုလပြည့်ကျော် ၈ရက်
**အချိန်** - မွန်းလွဲ ၁နာရီတွင် ကျင်းပပြုလုပ်ပါမည်။

**မဟာကုသိုလ်တော်ဝံသပါလအဖွဲ့**
**ဖုန်း-၀၉-၂၀၁၉၃၉၁၊ ၀၉-၂၁၁၀၃၆၇၊ ၀၉-၂၅၉၀၄၅၅၆၇၊ ၀၉-၂၅၉၀၄၅၅၂၂**

## အမှတ် (၁၆)၊ ခြေလျင်တပ်ရင်း (လေထီး-၁၆)၊ မှော်ဘီတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိ/အရာခံ/အကြပ်-တပ်သား လေထီးစစ်သည် အငြိမ်းစားများ၏ အမှတ်တရတွေ့ဆုံပွဲ/မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

စတုတ္ထအကြိမ်မြောက် လေထီးစစ်သည်(ငြိမ်း)များ၏ အမှတ်တရ တွေ့ဆုံပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ မှော်ဘီမြို့နယ်၊ စစ်မှုထမ်းဟောင်းရုံး၊ အမှတ်(၄)လမ်းမကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ အငြိမ်းစားလေထီးစစ်သည်များ ဖိတ်စာရသည်ဖြစ်စေ/မရသည်ဖြစ်စေ တက်ရောက်ကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-**

| | |
|---|---|
| (၁) ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ (ငြိမ်း) | ဖုန်း-၀၉-၈၃၀၃၉၉၂ (မှော်ဘီ) |
| (၂) ဗိုလ်ကြီးညီလေး (ငြိမ်း) | ဖုန်း-၀၉-၄၂၀၁၇၁၅၇၃ (မှော်ဘီ) |
| (၃) အရာခံဗိုလ်စောဦး (ငြိမ်း) | ဖုန်း-၀၉-၂၆၁၄၅၂၂၁၈ (မှော်ဘီ) |
| (၄) ဗိုလ်ကြီးထွန်းရွှေ (ငြိမ်း) | ဖုန်း-၀၉-၅၀၀၀၃၈၇ (ရန်ကုန်) |
| (၅) တပ်ကြပ်စောခိုင် (ငြိမ်း) | ဖုန်း-၀၉-၂၅၄၄၄၇၂၅၁၊ ၀၁-၅၅၁၃၅၆ (ရန်ကုန်) |

## ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ ၁ လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာနနာယက မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဒီဇင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ ဇမ္ဗူသီရိအရှေ့ ၁ လမ်း ဓမ္မသဘင်၊ ၁၈ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ ၁၂ရပ်ကွက်၊ မာဃ ၁၂လမ်း ဆွမ်းအောင်ပွဲဓမ္မသဘင်နှင့် ၁၉ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပိတောက်မြိုင်ဆွမ်းလောင်းသင်း ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါသည်။

## ဖိတ်ကြားခြင်း

### ဗိုလ်သင်တန်း (၃၃)သူရတပ်ခွဲ ရွှေရတု

**ရက်စွဲ** - ၁၈-၁၂-၂၀၁၅ ရက်
**နေရာ** - ကျန်စစ်သားတန်ဆောင်း (မယ်လမုစေတီတော်ဝင်းအတွင်း)
**အစီအစဉ်** - (၁) (၅း၃၀ နာရီမှ ၆း၃၀ နာရီ) သံဃာတော် (၃၃)ပါး ဆွမ်းနှင့်ဝတ္ထုငွေကပ်-ရွက်ကြွေတောမှ ရဲဘော်များသို့အမျှဝေ-
(၂) (၁၀း၀၀ နာရီမှ ၁၁း၃၀ နာရီ) လူ (၂၀၀)ချစ်တီးထမင်းဖြင့်ဧည့်ခံ၊ လူ (၃၀၀)အတွက် ဖော့ဘူးဖြင့် ပေးဝေ။
(၃) (၁၂း၀၀ နာရီမှ ၁၄း၀၀ နာရီ) ရွှေရတုအခမ်းအနားနှင့် ဗလာမပါ ကံစမ်းမဲ
**ဖိတ်ကြားခြင်း-** (၁) ကျန်စစ်သားနှင့်မိသားစုများ
(၂) ကျန်ရစ်သူနှင့်မိသားစုများ
(၃) ချစ်ခင်လေးစားရသောမိတ်ဆွေများ
**မှတ်ချက်** ။ ။ တက်ရောက်လာသော ကျန်စစ်သားများမှ ကံစမ်းမဲတွက်ပစ္စည်းများ ယူခဲ့ကြပါရန်။

| | |
|---|---|
| **ဦးခင်အောင် (ကသ ၈၈)** | **ဖုန်း-၅၆၂၁၄၉၊ ၀၉-၉၇၅၈၃၉၆၂၅** |
| **ဦးလှသိန်း (ကသ ၈၅)** | **ဖုန်း-၀၉-၇၃၁၆၁၉၀၁** |

**ဆူးလေစေတီတော်**

**သမိုင်းဝင် ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီးကို ထီးတော်၊ ကိုယ်လုံးတော်နှင့် အရံစေတီတော်များအား ရွှေချ်ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းကပ်လှူရေးလုပ်ငန်းနှင့် ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ခြင်း**

သမိုင်းဝင် ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီးကို ထီးတော်၊ ကိုယ်လုံးတော်နှင့် အရံစေတီတော်များအား ရွှေစင်ရွှေပြား မျက်ပါးရွှေသင်္ကန်းကပ်လှူရေးလုပ်ငန်းနှင့် ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ၂ ကျပ်သား (၉" × ၉") ပတ်လည် ရွှေပြားသင်္ကန်းတော် အချပ် (၆၀၀) ကို ကိုယ်လုံးတော်ကြီး၏ အရစ်တော် (၁၄) မှ (၁၉) ထိ ကပ်လှူပူဇော်ခြင်း၊ ထီးတော်ကြီးအပါအဝင် အရံစေတီတော်များနှင့် ကိုယ်လုံးတော်ကြီး၏ ရွှေပြားသင်္ကန်းကပ်လှူခြင်းမပြုနိုင်သည့် နေရာများနှင့် စေတီတော်အောက်ခြေအထိ မျက်ပါးရွှေဆိုင်း (၆၀၀၀) ကျော် ကပ်လှူပူဇော်ခြင်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့မှ စတင်ပြီးထိုး၍ ကပ်လှူပူဇော်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ရွှေ ၁ ကျပ်သားလျှင် (၇,၀၀,၀၀၀ိ/-) ကျပ်ဖြင့်လည်းကောင်း၊ ရွှေဆိုင်း (၁၀၀) ရွက်ရေပါ တစ်ဆိုင်းလျှင် (၃၀,၀၀၀ိ/-) ကျပ်ဖြင့်လည်းကောင်း၊ မိမိသဒ္ဓါတတ်အားရှိသ၍ ကြံ့တောင့်ကြံ့ခံ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲကြီးတွင် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ ဖုန်း - ၃၇၁၅၆၁၊ ၃၇၁၅၆၂၊ ၃၇၁၅၆၃၊ ၃၇၁၀၀၇၊ ၃၇၁၀၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့

ကွယ်လွန်သူ မိခင်ကြီး ဒေါ်လီလီ (၁)နှစ်ပြည့်အား ရည်စူး၍ ကမာရွတ်မြို့နယ်၊ ဝင်ဒါမီယာ၊ သံလွင်လမ်း၊ အမှတ် (၁၀၁/ဒီ)နေ ဦးထွန်းနိုင် - ဒေါ်သင်းသင်းလွင် (Pacific High Technology International Co.,Ltd.) နှင့် ကျန်ရစ်သူမိသားစုတို့မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)




ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်သိန်း (၁၀၀)လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောဘဲလ်(ငြိမ်း)မှ လက်ခံရယူပါသည်။

## (၃၃) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အမျိုးသမီးဆရာဝန်များအဖွဲ့မှကြီးမှူး၍ အသက်(၇၅)နှစ်ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် <u>ကန်တော့ခံမည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ပူဇော်ကန်တော့မည့် ဆရာဝန်ကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။</u>

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၇-၁၂-၂၀၁၅ (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၉ နာရီ မှ ၁၂ နာရီအထိ |
| ကျင်းပမည့်နေရာ | - | မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင် (ဧ) အမှတ်- ၂၄၉၊သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |

**အမျိုးသမီးဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)**

## စက်မှုလက်မှုသိပ္ပံ(အင်းစိန်) မြို့ပြအင်ဂျင်နီယာကျောင်းသား/သူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

စက်မှုလက်မှုသိပ္ပံ(အင်းစိန်)၊ မြို့ပြအင်ဂျင်နီယာကျောင်းသား/သူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။ သူငယ်ချင်း ကျောင်းသား/သူများအားလုံး ဆုံစည်းနိုင်ဖို့အတွက် မပျက်မကွက် ဆက်ဆက်တက်ရောက်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ နိုင်ငံခြားရောက် အင်းစိန် AGTI မြို့ပြ ကျောင်းသား/ကျောင်းသူဟောင်းများနှင့် သူငယ်ချင်းများသည် (KBZ Bank Co.,Ltd) ၀၂၁၁၂၂၀၀၈၆၆၈၀ သို့ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**ကျင်းပမည့်နေရာ-** ရွှေကျင်သာသနာလင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး
**ဆက်သွယ်ရန်-** ဒေါ်မြမြထွန်း ဖုန်း-၀၉-၇၃၀၈၇၄၈၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၈၉၊ ၁၁၉၀၊ ၁၂၀၃၊ ၁၂၀၄၊ ဧရိယာ (၀.၂၂၀) ဧကရှိ ဒေါ်ခင်နွဲ့မူ အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ခင်နွဲ့မူ ၉/မထလ(နိုင်) ၁၀၈၇၉၁ (ဘ) ဦးချစ်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားဂရန်မြေကွက်ခွဲစိတ်ခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၃၉၅၀ Zaw Super Wagon S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၉/မနမ(နိုင်)၀၀၅၁၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်စိန်သန့် (ဘီးလင်း)အသက်(၉၄)နှစ်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဗိုလ်ချုပ်လမ်းနေ(ဦးခင်ညွန့်)၏ဇနီး၊ ရာသက်ပန် အသင်းဝင်များဖြစ်ကြသော (ဦးစိုးသိမ်း)-ဒေါ်ခင်ချိုဝင်းတို့၏ချစ်လှစွာသောမိခင်၊ ဦးအောင်မြတ်-ဒေါက်တာစောစန္ဒာသိမ်း၊ ဦးနေလင်းအောင်-ဒေါ်စောသန္တာသိမ်းတို့၏အဘွားသည် ၁၃-၁၂-၂၀၁၅ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဘီးလင်းမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

# ဝမ်းနည်းကြေကွဲခြင်း

**ဦးသောင်းညွန့်**
**အသက်(၈၆)နှစ်**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရေကြောင်းအင်ဂျင်နီယာဌာနခွဲ ညွှန်ကြားရေးမှူး ဦးစိုးနိုင်(၁)ဇနီး ဒေါ်နော်ရိဒီး၏ ချစ်လှစွာသောဖခင်သည် ၁၂-၁၂-၂၀၁၅ရက်(စနေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Mercury Training Centre မှ**
**ဝန်ထမ်းနှင့် ဆရာများ**

**ဒေါ်သန်းသန်းအေး**
**(မူလတန်းကျောင်းအုပ်ဆရာမကြီး-ငြိမ်း)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်းနေ (ဦးဘညိမ်း-ဒေါ်အေး)တို့၏သမီး၊ အမှတ် ၅၇၊ မြို့ပတ်လမ်းနေ ဆရာ ဦးမောင်မောင်ကလေး(အင်္ဂလိပ်စာဌာန၊ ပညာရေး တက္ကသိုလ်-ငြိမ်း)၊ အထက(၃) သဃ်္ဃန်းကျွန်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်တိုးတိုးနိုင်-ဦးကျော်ဇေယျ၊ ဒုဗိုလ်မှူးကြီး စိန်မင်းနိုင်-ဒေါ်ခင်ဖြိုးဝေ (ပြင်ဦးလွင်စစ်တက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုဇေယျာဦး၊ မောင်ဖြိုးမင်းကို၊ မဖြိုးမင်းသူတို့၏အဘွားသည် ၁၃-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၅ ရက်တွင် ပြင်ဦးလွင်မြို့ ၈ မိုင် သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

**ဦးမောင်မောင်(ပေါင်းတလည်)**
**အသက်(၇၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတလည်မြို့၊ သီရိမြိုင်ရပ်ကွက်နေ (ဦးမောင်ကျင်-ဒေါ်သိန်းတင်)တို့၏ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇီဇဝါ ၃လမ်း၊ အမှတ် ၈၂၆နေ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဦးတင်ထွန်း(အင်ဂျင်နီယာမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်ခင်ချိုသက်တို့၏ဖခင်၊ မအိမ့်သက်ထွန်း (အထက-၄၊ အလုံ)၊ မောင်ဟိန်းထက်ဇော် (အထက-၄၊ အလုံ)တို့၏ အဘိုးသည် ၁၅-၁၂-၂၀၁၅ရက်နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၅ရက်တွင် အမှတ် ၈၂၆၊ ဇီဇဝါ ၃လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်စန်းမြင့် အသက်(၇၁)နှစ်**
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**အမက(၁၁)ဒဂုံ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သစ်ယာလမ်း၊ အမှတ် ၉၊ (ပထပ်ယာ)နေ ဦးဖိုးမင်း၊ဒေါ်ညိမ်းလှ၊ ဦးကောင်း၊ ဒေါ်ရှမ်းတို့၏သမီး၊ ဒေါ်လှရီ၊ ဒေါ်လှခင်၊ ဒေါ်အေးမြင့်၊ဦးစိုးညွန့်တို့၏ညီမ၊ ဦးဟန်ညွန့်၏အစ်မ၊ မောင်ထွန်းမင်း၊ မသဇင်မင်း၊ မလှယဉ်မင်းတို့၏မိခင်၊ ဦးသိန်းအောင်မင်း (စက်ရုံမှူး၊ ငြိမ်း၊ မီးခံဘိလပ်မြေပြားစက်ရုံ)၏ ချစ်လှစွာသောဇနီးသည် ၁၅-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ် ၁၁၉ ဟုခေါ်တွင်သောအဆောက်အအုံ၏ ငါးလွှာ၊ အပေါ်ဆုံးထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာများဖြစ်သော ဦးဝေဟင်အောင်၊ ဦးဝါရဲပါး(ခ)ဦးမြင့်နိုင်တို့မှ ၄င်းတို့ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ဦးရဲဇော် ၅/ခဥန(နိုင်)၀၈၇၈၇၃ မှ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူရန်အတွက် စရံငွေအချို့ကို ဦးဝေဟင်အောင်၊ ဦးမြင့်နိုင်တို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းကြိုပွိုင့်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူသွင် LL.B (Advocate) (စဉ်-၉၀၀၈)**
**(Royal King Real Estate) အမှတ် ၂၀၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်**

## အိမ်ငှား သူရအောင် ၈/ရစက(နိုင်)၁၄၆၇၇၇ နှင့် အများသိစေရန်ကြေညာချက်

ဒေါ်မြမြသွင် ၁၂/ပဇတ(နိုင်)၀၁၃၁၈၀၊ အမှတ် (၂၁၇)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်နေထိုင်သူ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်လမ်း၊ အမှတ် (၅၅၃)၊ ပထပ်အား ၂၄-၃-၂၀၁၅ ရက်စွဲပါ အိမ်ရှင်အိမ်ငှားနှစ်ဦးသဘောတူကတိစာချုပ်ဖြင့် ဦးသူရအောင် ၈/ရစက(နိုင်)၁၄၆၇၇၇အား (၃-၃-၁၅ မှ ၃-၉-၁၅ ထိ) စာချုပ်ချုပ်ဆိုငှားရမ်းခဲ့ပါသည်။ အိမ်ငှားဖြစ်သူသည် ၃-၉-၂၀၁၅ရက်တွင် စာချုပ်သက်တမ်းပြည့်မြောက်သော်လည်း အခန်းအား အိမ်ရှင်ဖြစ်သူသို့ ပြန်လည်အပ်နှံခြင်းမရှိဘဲ တံခါးသော့ပိတ်သွားပါသည်။ အိမ်ငှားဖြစ်သူ၏ ဖုန်းနံပါတ်အားလုံးကို အဆက်အသွယ်ပြုလုပ်ရာတွင်လည်း လုံးဝဖုန်းမကိုင်သည့်အပြင် အမှုထမ်းရာလိပ်စာနှင့် အိမ်နီးချင်းများအား စုံစမ်းရာတွင်လည်း လုံးဝအဆက်အသွယ်မရသဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ရက်သတ္တပတ်အတွင်း အိမ်ရှင်ဖြစ်သူမှ အခန်းပြန်လည်ရယူမည်ဖြစ်ပါ၍ အိမ်ငှားနှင့်တကွ သက်ဆိုင်သူမည်သူမဆို ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကိုကို B.A(Law) LL.B (တရားလွှတ်တော်ရှေ့နေကြီး)**
**၃၃၅၊ သရဖီလမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**(ဒေါ်မြမြသွင်၏ တရားလွှတ်တော်ရှေ့နေကြီး)**

**မိဘ အမည်မှန်**

ပေါင်မြို့နယ် (အထက) နတ်ကြီးချောင်၊ တက္ကသိုလ်ဝင်တန်း(A)မှ နန်းသက်ဖူးစံ၏ မိဘအမည်မှန်မှာ ဦးမြင့်လွင် ၆/ကသန(နိုင်)၀၁၂၄၃၇၊ မမူတူး ၆/ကသန(နိုင်)၀၂၁၂၄၀ ဖြစ်ပါသည်။ **ဦးမြင့်လွင်- မမူတူး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးစံညွန့် (မြောက်ဦး)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ ရပ်ကွက်၊ ဇဋ္ဌိလ ၃ လမ်း၊ အမှတ် ၈၂၆နေ (ဦးရွှေထွန်း-ဒေါ်နီခိုင်ဦး)တို့၏သား၊ ဒေါ်ညွာစိန်းဖြူ၏အစ်ကို၊ ဒေါ်လှရင်၏ခင်ပွန်း၊ ဦးစံရင်-ဒေါ်သန်း နှဲ့၊ ဒေါ်နန်းကြည်(စိုက်ပျိုးရေး)၊ ဦးတင်ဝင်း-ဒေါ်မိမိဇင်၊ ဦးကျော်ကျော်နိုင်-ဒေါ်ယဉ်ယဉ်အောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးရှင်သည် ၁၅-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၂၁- ၁၂-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အုန်း**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲဥယျာဉ်အိမ်ရာ၊ အမှတ်၃၉နေ(ဦးတောက်- ဒေါ်ပန်းမြင့်)တို့၏သမီး၊ (ဦးအောင်စိန်)၏ဇနီး၊ ဦးမောင်မောင်စိုး-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်စန်းစန်းမြင့် (ပထဝီဝင်/72)၊ ဒေါ်သန်းမြင့်၊ ဦးအုန်းကြည်၊ ဒေါက်တာဒေါ်သန်းအေး၊ ဒေါ်လှဌေး(Director, KM Clothing Yangon Garment)၊ ဦးလှမြင့်၊ ဒေါ်အေးမြင့်(MD, KM Clothing Yangon Garment)တို့၏ မိခင်၊ မရည်မွန်သန့်၏အဘွားသည် ၁၁-၁၂-၂၀၁၅ရက် (သောကြာနေ့) ညနေ ၅း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဒေါက်တာခင်မောင်ညွန့် (သုံးဆယ်မြို့) (Ph.D, London)**
**ပါမောက္ခချုပ်- ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**အသက် (၈၆)နှစ်**

သူငယ်ချင်းဦးမြင့်သိန်း(MCM Co., Ltd.) - ဒေါ်မိုးသူခင်တို့၏ ဘကြီးသည် ၁၁-၁၂-၂၀၁၅ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Dagon(1)J(79)**
**ငယ်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
**ဦးသောင်းညွန့်**
**အသက် (၈၆)နှစ်**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းအင်ဂျင်နီယာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်(၁)-ဒေါ်နော်ရိဒီးတို့၏ ချစ်လှစွာသောဖခင် ဦးသောင်းညွန့် သည် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၂း၅၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်နှင့်အင်ဂျင်နီယာများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးကျော်မင်း (ခ)GEORGE MINN**
**(သွားဘက်ဆိုင်ရာဆရာဝန်ကြီး)**
**အသက် (၈၄)နှစ်**

မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း၏ အသင်းဝင်တစ်ဦးဖြစ်၍ သက်ကြီးပူဇော်ပွဲကန်တော့ခံ ဆရာဝန်ကြီးဒေါက်တာကျော်မင်း(ခ)GEORGE MINN သည် ၁၂-၁၂-၂၀၁၅ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း(ဗဟို)**

**ဦးစံရွှေ**
**မြန်မာနိုင်ငံဝန်ထမ်းအကြီးတန်း (B.A.BI.BCS)**
**ရုံးအဖွဲ့မှူး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အုတ်ဖိုမြို့**
**အသက်(၈၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်နေ(ဦးဘိုးရ-ဒေါ်မမကြီး)တို့၏သား၊ (ဦးမြသန်း-ဒေါ်ခင်ခင်)၊ (ဦးထွန်းကျော်-ဒေါ်တင်လှ)၊ (ဦးသိန်းအေး)-ဒေါ်အေးမိတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ ဇဋ္ဌိလ(၄)လမ်း၊ အမှတ် ၇၃၉နေ ဒေါ်သန်းသန်းယဉ်(အထက်တန်းပြ-ငြိမ်း၊ အထက-၅၊ ဗိုလ်တထောင်)၏ခင်ပွန်း၊ ဒေါ်ဆွေဆွေနိုင်(ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဦးဝင်းထိန်လွင်(Mereury Distribution Co.,Ltd.)-ဒေါက်တာစုစုလှိုင်(ညွှန် ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဦးဇာနည်အောင်(2 Architects Co.,Ltd.) -ဒေါ်ကျော့ကျော့ခိုင်(CIESF/Forval Myanmar Co.,Ltd.)တို့၏ဖခင်၊ မဝင်းရည်မွန်သန့်(ပထမနှစ်၊ သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်)၊ မောင်ခန့်ဇာနည်(Diplomatic School of Ygn)တို့၏ဘိုးဘိုးကြီးသည် ၁၅-၁၂-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၂း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၅ ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ဦးဦးရွှေမောင် (စစ်တွေ)**
**B.Ed (အထက်တန်းပြ၊ ငြိမ်း)**
**ရခိုင်အမျိုးသားတိုးတက်ရေးပါတီ (ဗဟိုကော်မတီဝင်)**
**အသက်(၆၇)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးစိန်သာနို့-ဒေါ်စံညွန့်ဖြူ)တို့၏သား၊ စစ်တွေမြို့နေ (ဦးကျော်နု)-ဒေါ်မဝေသူတို့၏သားသမက်၊ ဒေါ်မအေးနု(သ/မ အသင်းစု၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်စောသန္တာ(မြန်မာ့စီးပွားရေးဘဏ်၊ စစ်တွေ)-ဦးမောင်မောင်ဝင်း၊ ဒေါ်စောသီဂီ(အကောက်ခွန်ဦးစီးဌာန)-ဦးအာကာသူရ (အကောက်ခွန်ဦးစီးဌာန)၊ မစောမလာ(အကောက်ခွန်ဦးစီးဌာန)၊ မစောနန္ဒာ (မြန်မာ့စီးပွားရေးဘဏ်-၁)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးရှင်သည် ၁၄-၁၂-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် အာဂျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်ခင်နုနု (ထားဝယ်)**
**M.E.H.S / အထက(၁)ဒဂုံ ဆရာမ**
**စာစဉ်နည်းပြ(အငြိမ်းစား)၊ တက္ကသိုလ်စာပေးစာယူဌာန**
**လုပ်သားကောလိပ်၊ ပထဝီဝင် ဆရာမကြီး**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၉၊ ကီလီရိပ်သာနေ (ဦးစိုးတင်) ခြင်းလုံး[ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ကြည်း-၅၀၄၂]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာအေးကိုကို-ဒေါက်တာဝေဝေလွင်၊ ဒေါက်တာ ချစ်ကိုကို-ဒေါ်ဥမ္မာကြင်၊ ဦးချစ်ညီညီ - Jacky၊ ဦးစိုးညီညီ (Managing Director-Feel group)၊ ဗိုလ်မှူးဝင်းမြင့်မောင် O.T.S (68)(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာနှင့်ဘာသာစကား၊ ပညာရေးဦးစီးဌာန)-ဒေါ်သူဇာကြည်၊ ဒေါ်အိအိစိုးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ Aaron , Sasha၊ မောင်ဇေထိုက်၊ မသိမ့်နွေးတို့၏အဘွားသည် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) ည ၇နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ နှလုံးရောဂါကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၅ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၃၀နာရီမှ ၉း၃၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်ခင်နုနု**
**အသက် (၉၂)နှစ်**

ဗိုလ်မှူးဝင်းမြင့်မောင် (ငြိမ်း) OTS (၆၈) (ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာစာနှင့်ဘာသာစကား ပညာရေးဦးစီးဌာန)နှင့် ဇနီး ဒေါ်သူဇာကြည်တို့၏မိခင်ကြီး ဒေါ်ခင်နုနု (စာစဉ်နည်းပြ-ငြိမ်း တက္ကသိုလ်စာပေးစာယူဌာန) အသက် (၉၂)နှစ်သည် ၁၂-၁၂-၂၀၁၅ ရက် (စနေနေ့) ည ၇း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းမင်း-ဇနီး LIM NGAN HOON နှင့် မိသားစု**
**SINGAPORE**

## (၁၀၈)လပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး**
**ဒေါ်ခင်မေမြင့်**
**(ဌာနစုဦးစီးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန-ငြိမ်း)**
**(၁၇-၁၂-၂၀၀၆ မှ ၁၇-၁၂-၂၀၁၅)**
**အသက် (၇၀)**

တုနှိုင်းမရသော အနန္တကျေးဇူးရှင်မိခင်ကြီး ချစ်လှစွာသောမိသားစုကို ခွဲခွာသွားသည်မှာ ယနေ့ဆိုလျှင် (၁၀၈)လ တင်းတင်းပြည့်ပါပြီ။ ကြာလည်း မမေ့ တမြေ့မြေ့ဖြင့် သတိရတမ်းတလွမ်းရဆဲပါ။ မိခင်ကြီးအားရည်မှန်းလျက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် မပျက်ပြုအပ်သော ဒါနကံ၊ သီလကံ၊ ဘာဝနာကံတို့၏ကောင်းမှုအဖို့ကို မြင့်မြတ်အေးချမ်းရာဘုံဌာနမှ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပြီး ဝိပဿနာအကျိုးကြောင်း သံသရာဝဋ်မှ လွတ်မြောက်ရာအမှန် အမတနိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ။

**မာမီရေ အမျှ-အမျှ-အမျှ**
**သမီးကြီး - မလွင်၊ သားကြီး ကိုနိုင်နှင့် မာမီ့ကိုချစ်သောသားသမီးမြေးတစ်စု (မဟာမြိုင်)**

## သုံးနှစ်ပြည့်အလွမ်း (၁၇-၁၂-၂၀၁၂)

**ဒေါ်ခင်ဝင်း BAEd, BEd**
**အထက်တန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း)**
**အလက-ပုဂံမြို့၊ အထက-မြစ်သားမြို့၊ အထက-ပိန်းဇလုပ်မြို့၊**
**အထက(၃) စမ်းချောင်း၊ အထက(၆) အလုံ-ရန်ကုန်မြို့**
**အသက် (၈၃)နှစ်**

- သမီးကိုစာဖတ်တတ်အောင် သင်ပေးခဲ့တဲ့အမေ၊ သမီးကို စာပေဝါသနာပါအောင် ပြုစုပျိုးထောင်ခဲ့တဲ့အမေ
- ၈၃ နှစ်အထိ ဖုန်းနံပါတ်တွေကို အလွတ်မှတ်မိတဲ့အမေ
- မိမိအပေါ် မကောင်းသူမှန်သမျှကို မှတ်မှတ်သားသားရှိပေမယ့် ခွင့်လွှတ်စိတ်ထားနိုင်တဲ့အမေ
- သမီးကိုလည်း အဲဒီလိုမှတ်မှတ်သားသားထားပေမယ့် ခွင့်လွှတ်ဖို့ လမ်းညွှန်ပြသဆုံးမခဲ့တဲ့အမေ
- သမီးကိုတစ်ယောက်တည်း ခရီးသွားရဲအောင် ဆုံးမညွှန်ပြပေးခဲ့တဲ့အမေ
- ဒီဇင်ဘာမှာ မွေးတဲ့အမေ၊ ဒီဇင်ဘာမှာ သမီးကို ခွဲခွာသွားတဲ့အမေ

ဘဝခရီးလမ်းကို အမေဆုံးမလေ့ကျင့်ပေးတဲ့အတိုင်း လျှောက်လှမ်းရင်း····· လွမ်းစရာ့ ဒီဇင်ဘာမှာ·····အမေ့ကို လွမ်းမြဲလွမ်းဆဲ····လွမ်းလျက်ပါအမေ။

**ချစ်သမီး-ပါမောက္ခဒေါက်တာစန်းစန်းနွဲ့**
**ပါမောက္ခချုပ်၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်မြို့**

## မောင်နွေလကြာအိုင်လင်း

**(၁၃-၁၀-၂၀၀၇) - (၁၇-၉-၂၀၀၈)**
**အသက် (၁၁)လ**

မိသားစုနှင့်ခွဲခွာသွားတာ ၁၇ ဒီဇင်ဘာလ ၂၀၁၅ မှာ ၇နှစ်နှင့် ၃ လပြည့်ပြီဖြစ်သော်လည်း သတိရလွမ်းဆွတ်နေဆဲပါ။ သမီးလေး အသက်ရှင်လျက် ရှိနေသေးရင် အခုချိန်ဆို အသက်(၈)နှစ်ပြည့်ပြီး ကျောင်းတက်နိုင်တဲ့အရွယ် ရောက်နေလောက်ပါပြီ။ သမီးလေး ဦးခေါင်းချသွားတဲ့ မြန်မာနိုင်ငံမှာ အလှူအတန်းများဖြင့် သမီးလေးကို အောက်မေ့ရင်း···

**ဖေဖေ-မေမေ၊ ကိုကို**
**I Love Myanmar Co., Ltd.**

# လူကူးခုံးကျော်တံတားခြောက်စင်း တည်ဆောက်လျက်ရှိ



ရန်ကုန်မြို့ ဗဟန်း(၃)လမ်း လူကူးခုံးကျော်တံတား(စက်လှေကား)၌ Cross Beam လုပ်ငန်းများဆောင်ရွက်စဉ်။

သတင်း-ရီရီမြင့်၊ ဥမ္မာသန့် ➤ ဓာတ်ပုံ-ရီရီသန့်

ရန်ကုန် ဒီဇင်ဘာ ၁၆

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆူးလေ-အနော်ရထာလမ်းဆုံ၊ လမ်းမတော်- အနော်ရထာ(သံဈေးအနီး)၊ ဗဟန်း(၃)လမ်း၊ ပြည်လမ်း-အင်းလျားကန်ရှေ့၊ ပြည်လမ်း-မာလာဆောင်ရှေ့နှင့် ပြည်လမ်း-စိုက်ပျိုးရေးမှတ်တိုင်အနီးတို့တွင် လူကူးခုံးကျော်တံတား ခြောက်စင်းကို တည်ဆောက်လျက်ရှိသည်။ ယာဉ်ကြောရှုပ်ထွေးပြီး လမ်းအသုံးပြုသူ များပြားသည့်နေရာများ၌ အများပြည်သူလမ်းဖြတ်ကူးရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် စိတ်ချမ်းမြေ့လုံခြုံစွာ စာမျက်နှာ ၅ ကော်လံ ၁ ❖

ယနေ့ မာတိကာ

အဆင်ပြေချောမွေ့စွာ တာဝန်လွှဲပြောင်းနိုင်ရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ ဆွေးနွေး
စာမျက်နှာ-၅

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များထွက်ပေါ်
စာမျက်နှာ-၁၄

## အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ် လူကုန်ကူးခံရသူများအား တွေ့ဆုံ

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)

ရန်ကုန် ဒီဇင်ဘာ ၁၆

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်အဖြစ် **"ပြန်လည်ပေါင်းစည်းရေးအတွက် လူကုန်ကူးခံရသူများအားတွေ့ဆုံပွဲ"** အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Summit Parkview ဟိုတယ်တွင် ကျင်းပခဲ့သည်။

"လူကုန်ကူးခံရတဲ့ အမျိုးသားတွေအတွက် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအတွက် ဆောင်ရွက်တာမျိုးမရှိသေးပါဘူး။ လူကုန်ကူးခံရပြီးတဲ့အခါ လူ့အသိုင်းအဝိုင်းအတွင်းမှာ ကောင်းမွန်စွာ ဝင်ဆံ့နိုင်ရေးအတွက် ရည်ရွယ်ပြုလုပ်တာပါ။ သူတို့အချင်းချင်းလည်း ပြန်လည်တွေ့ဆုံကြမယ်။ အဓိကအနေနဲ့ လူကုန်ကူးခံရတဲ့သူတွေ ပြန်လည်လူကုန်ကူး မခံရအောင် လုပ်တာပါ"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေက အဆိုပါပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

## အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်းပြင်ဆင်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဒီဇင်ဘာ ၁၆

အာဆီယံ ဘောလုံးအဖွဲ့ချုပ် (AFF) က ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်းမှာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁ ရက်ကတည်းက စတင်လေ့ကျင့်နေခြင်းဖြစ်ပြီး ပဏာမကစားသမား ၃၀ ဖြင့် စတင်လေ့ကျင့် စာမျက်နှာ ၁၂ ကော်လံ ၄ ❍



မြန်မာ အမျိုးသမီးအသင်း လေ့ကျင့်မှုများပြုလုပ်နေစဉ်။

Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း



